# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင်(ဓမ္မပဒ - ၇၈)


၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက် ｜ ၂၀၂၃ ခုနှစ်၊ မေ ၂၇ ရက်၊ ကြာသပတေးနေ့ ｜ အတွဲ (၆၂)၊ အမှတ်(၂၀၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံ၍ သြဝါဒစကားမြွက်ကြားစဉ်။

# လူရည်ချွန်မောင်မယ်များအနေဖြင့် မိမိကိုယ်တိုင်၊ မိမိကျောင်း၊ မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံတော်၏ အကျိုးစီးပွားအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ သစ္စာရှိစွာ ပခုံးပြောင်းတာဝန်ယူဆောင်ရွက်နိုင်ရေးကြိုးပမ်း

နေပြည်တော် မေ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ တွေ့ဆုံ၍ သြဝါဒစကားမြွက်ကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ◆





# နိုင်ငံ့အနာဂတ်အတွက် ရတနာ

၁၉၆၄ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် စတင်အကောင်အထည်ပေါ်ခဲ့သည့် လူရည်ချွန်စီမံကိန်းသည် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှု လုပ်ငန်းတစ်ရပ်ပင်ဖြစ်သည်။ ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရန်၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံ့အကျိုးပြုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်စေသည့် နိုင်ငံ့သားကောင်းများ ပေါ်ပေါက်လာစေရန်၊ ထူးချွန်ထက်မြက်သော ကျောင်းသားကျောင်းသူများကို စံနမူနာပြု၍ ကျောင်းသားလူငယ်များအား ပြုစုပျိုးထောင်ပေးရန်ဟူသော ရည်ရွယ်ချက် (၃) ရပ်ဖြင့် ဆောင်ရွက်သည့် လူရည်ချွန်စီမံကိန်းများမှ ထွက်ပေါ်လာသည့် ထောင်နှင့်ချီသော လူရည်ချွန်များမှာ ၎င်းတို့၏ အနာဂတ်ဘဝတွင်လည်း ထူးချွန်သော အရည်အသွေး၊ အရည်အချင်းများဖြင့် နိုင်ငံကိုအကျိုးပြုကာ ဆက်လက်ရှင်သန်ရပ်တည်သွားခဲ့ကြသည့် သာဓကများစွာလည်း ရှိနေသည်။

ကာယ၊ ဉာဏ၊ စာရိတ္တနှင့် မိတ္တ၊ ဘောဂဟူ၍ ဗလငါးတန် ပြည့်စုံစေရန် ကောင်းစွာ ပျိုးထောင်ထားသော လူငယ်တို့သည် ကိုယ်ရည်ကိုယ်သွေး မြင့်မားသူများအဖြစ်နှင့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများတွင် လည်းကောင်း၊ တပ်မတော်တွင် လည်းကောင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများတွင် လည်းကောင်း အောင်မြင်စွာ လုပ်ကိုင်နိုင်သူများလည်း ဖြစ်လာကြသည်။ "နိုင်ငံတော်အနေဖြင့် မောင်တို့မယ်တို့ကို နိုင်ငံ၏ အနာဂတ်အတွက် ဦးဆောင်နိုင်သည့် ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် ရည်မှန်းချက်ထားပြီး အများနှင့် စုပေါင်းနေထိုင်တတ်စေရန်၊ အများအကျိုးကို ဆောင်ရွက်နိုင်စေရန်၊ ကာယဉာဏစာရိတ္တနှင့် ပြည့်စုံသည့် အနာဂတ်မျိုးဆက်သစ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးနိုင်ရန်အတွက် လူရည်ချွန်စီမံကိန်းအပြင် လူငယ်ကဏ္ဍ အစီအစဉ်များစွာကိုလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကား မြွက်ကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ လူရည်ချွန်မောင်မယ်များထဲမှ အနာဂတ်ခေါင်းဆောင်များ ပေါ်ထွက်လာရန်အထိ မျှော်လင့်ကာ ပြုစုပျိုးထောင်နေခြင်းပင်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူ့စွမ်းအားအရင်းအမြစ်ဖြင့်သာ အဓိကတည်ဆောက်ကြရခြင်းဖြစ်သည်။ မိမိတို့နိုင်ငံတွင် လက်ရှိအခြေအနေအရ အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိသူဦးရေ အချိုးအစားများပြားလျက်ရှိသော်လည်း နိုင်ငံသားများ၏ ပညာရေးမှာ နိမ့်ကျလျက်ရှိသည်။ နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ခန့်မှာ အခြေခံပညာအလယ်တန်းနှင့် အောက်တွင်သာရှိနေသည့်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန် ပညာရေးမြှင့်တင်မှုကို မဖြစ်မနေဆောင်ရွက်သွားရန် လိုအပ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ရာတွင် "ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး" ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းသို့ရောက်ရှိ၍ ပညာသင်ယူကြရေး၊ တန်းစဉ်မှန်မှန် ကူးပြောင်းကာ အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးနောက် အခြေခံပညာအထက်တန်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာရပ်များ ဆက်လက်သင်ယူနိုင်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အပြင် "သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့"ဆိုရိုးနှင့်အညီ ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်ပြီး ပညာရည်ထူးချွန်ထက်မြက်သော ဘက်စုံထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေး ပြုစုပျိုးထောင်မှုလုပ်ငန်းများကိုလည်း နိုင်ငံ့အနာဂတ်အတွက် မဖြစ်မနေ ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၏ အာရှပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr. Alexander James Matheou ကို လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၆

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC)၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Alexander James Matheou ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် IFRC ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးက IFRC ၏ လုပ်ငန်းသဘောသဘာဝ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) က ဆောင်ရွက်နေသည့် လုပ်ငန်းများ ပိုမိုအားကောင်းလာစေရေး ကူညီပံ့ပိုးပေးနေမှုကို ဆွေးနွေးပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေး၊ သန့်ရှင်းရေး၊ အသိပညာပေးရေးကဏ္ဍများတွင် နည်းပညာအကူအညီများ ပေးအပ်ရေးနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေး ပြောကြားသည်။(အပေါ်ပုံ) သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီးဌာန / အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၆

**ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ Hybrid Format ဖြင့် ကျင်းပသည်။** (အောက်ပုံ)

အခမ်းအနားသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်၊ အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကော်မရှင်ရုံးမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က ကော်မရှင်အနေနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် အဓိကအားဖြင့် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းတို့ကို အလေးထားဆောင်ရွက်လျက် ရှိကြောင်း၊ ဥပဒေအရစုံစမ်းစစ်ဆေးအရေးယူခြင်းထက် အသိပညာပေးခြင်းနှင့် ကြိုတင်တားဆီး ကာကွယ်ခြင်းသည် အရေးကြီးကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖွဲ့စည်းထားသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) အဖွဲ့များတွင် ပညာရေးကဏ္ဍမှ ဝန်ထမ်းများပါ ပါဝင်ဖွဲ့စည်းထားသင့်ကြောင်း၊ CPU အဖွဲ့များအနေဖြင့် ဌာနနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာသည့် အခြေအနေများအပေါ် ပြန်လည်ဖြေရှင်း ဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီဖြစ်ရန် လိုအပ်ကြောင်း၊ CPU ၏ လုပ်ငန်းတာဝန် (၃) ရပ်ဖြစ်သည့် ဌာနအလိုက် လာဘ်ပေးလာဘ်ယူမှုနှင့် သက်ဆိုင်သော အဂတိလိုက်စားမှုပြဿနာများကို စိစစ်ဖော်ထုတ်ရန်၊ တွေ့ရှိလာသော ပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်၊ အဂတိလိုက်စားမှု ဆက်လက် မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန် စသည်တို့ကို ထိရောက်စွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ပြည်သူအားလုံးတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာဗဟုသုတများ ပြည့်ဝပါက အဂတိလိုက်စားမှု လျော့နည်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍ရသည့် ကိစ္စမျိုးမဟုတ်ဘဲ နယ်ပယ်အသီးသီး၊ ကဏ္ဍအသီးသီးတွင် ရှိသည့် တစ်ဦးတစ်ယောက်ချင်းစီကစပြီး အဖွဲ့အစည်းများအထိပါ ပူးပေါင်း ဆောင်ရွက်ကြရမည့် လုပ်ငန်းမျိုးဖြစ်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး အတူတကွလက်တွဲ၍ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရက ဦးတည်ဆောင်ရွက်နေသည့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်သွားနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မရှင် အတွင်းရေးမှူးက အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ CPU အဖွဲ့ခေါင်းဆောင်များက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များနှင့် သုံးသပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးမှုများအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ရှင်းလင်းကြပြီး ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က လိုအပ်သည်များကို ထပ်မံဖြည့်စွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၂၆

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ လူရည်ချွန်မောင်မယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

◆ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ တက်ရောက်ကြသည်။

**အရည်အသွေးကောင်းများ ပိုင်ဆိုင်ထား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဩဝါဒစကားမြွက်ကြားရာတွင် လူငယ်ဆိုသည်မှာ အနာဂတ်တွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် သားကောင်းရတနာများပင်ဖြစ်ပါကြောင်း၊ လူငယ်ဆိုသည်မှာ ဖျတ်လတ်သွက်လက်ခြင်း၊ နိုးကြားတက်ကြွခြင်း၊ ခွန်အားရှိခြင်း၊ စူးစမ်းတတ်ခြင်း၊ စွန့်စားခြင်း၊ ရဲရင့်ခြင်းနှင့် ဖန်တီးနိုင်စွမ်းအားရှိသူများပင် ဖြစ်ကြကြောင်း၊ မောင်တို့မယ်တို့ ကျောင်းသားလူငယ်များသည် ကလေးဘဝနှင့် လူကြီးဘဝအကြားတွင်ရှိသည့် လူငယ်များဖြစ်သည့်အတွက် အဆိုပါ အရည်အသွေးကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ မိမိဘဝအတွက်၊ မိမိ မိသားစုအတွက်၊ မိမိတိုင်းပြည်နှင့်လူမျိုးအတွက် မိမိလိုလားတောင့်တသည့်ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန် ရည်မှန်းချက်၊ မျှော်လင့်ချက်များနှင့် တွန်းအားပေးနိုင်သည့် မောင်းနှင်အားများကို ပိုင်ဆိုင်ထားကြသည်ဟု ပြောနိုင်ကြောင်း။

**ဘဝတွင် အောင်မြင်မှုများကို ရရှိနိုင်မည်**

အဆိုပါအရည်အသွေးကောင်းများကို ပိုင်ဆိုင်ထားသည့် မောင်တို့မယ်တို့ ကျောင်းသားလူငယ်များသည် လူ့အသိုင်းအဝိုင်းတွင် အချင်းချင်းပူးပေါင်းဆောင်ရွက်မှု၊ ရိုင်းပင်းကူညီမှု၊ စာနာထောက်ထားမှု၊ ရင်းနှီးဖော်ရွေမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အပြန်အလှန် လေးစားမှုတို့နှင့် နေထိုင်ပြောဆို ဆက်ဆံကြပြီး စဉ်းစားဆင်ခြင်မှု အသိဉာဏ်ပညာများနှင့် ကြိုးစားအားထုတ်သွားကြမည်ဆိုပါက ဘဝတွင် အောင်မြင်မှုများကို ရရှိနိုင်မည်မှာ မလွဲကေန်ပင်ဖြစ်ကြောင်း။

ပညာထူးချွန်ပြီး ထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးနှင့် အသိပညာ အတတ်ပညာများ တတ်မြောက်သည့်အပြင် ကျန်းမာသန်စွမ်းခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်းစသည့် ကောင်းမြတ်သော အရည်အသွေးများ ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိပိုင်ဆိုင်ကြစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကို အုတ်မြစ်ချတည်ဆောက်ခြင်းပင်ဖြစ်ကြောင်း။

**ကျောင်းသားကျောင်းသူများကို စံနမူနာပြု**

ထို့ကြောင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်စီမံကိန်းကို ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရန်၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံအကျိုးပြုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်းများ ပေါ်ပေါက်လာစေရန်၊ ထူးချွန်ထက်မြက်သော ကျောင်းသားကျောင်းသူများကို စံနမူနာပြု၍ ကျောင်းသားလူငယ်များအား ပြုစုပျိုးထောင်ပေးရန်ဆိုသည့် ကောင်းမြတ်သော ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

❖ **အရည်အသွေးကောင်းများကို ပိုင်ဆိုင်ထားသည့် မောင်တို့မယ်တို့ ကျောင်းသားလူငယ်များသည် လူ့အသိုင်းအဝိုင်းတွင် အချင်းချင်းပူးပေါင်းဆောင်ရွက်မှု၊ ရိုင်းပင်းကူညီမှု၊ စာနာထောက်ထားမှု၊ ရင်းနှီးဖော်ရွေမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အပြန်အလှန် လေးစားမှုတို့နှင့် နေထိုင်ပြောဆိုဆက်ဆံကြပြီး စဉ်းစားဆင်ခြင်မှု အသိဉာဏ်ပညာများနှင့် ကြိုးစားအားထုတ်သွားကြမည်ဆိုပါက ဘဝတွင် အောင်မြင်မှုများကို ရရှိနိုင်မည်မှာ မလွဲကေန်ပင်ဖြစ်**

**လာမည့်နှစ်တွင် နှစ် ၆၀ ပြည့်တော့မည်**

**"လူရည်ချွန်စီမံကိန်း"** ကို ၁၉၆၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၈၈ ခုနှစ် (၂၅)ကြိမ်မြောက်ငွေရတုလူရည်ချွန်စီမံကိန်းအထိကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်မှစပြီး ခေတ္တရပ်နားခဲ့သည့် **"လူရည်ချွန်စီမံကိန်း"**ကို ၂၀၁၃ ခုနှစ်တွင် **"ဘက်စုံပညာထူးချွန် လူငယ်စီမံကိန်း"** အဖြစ် ပြန်လည်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် **"လူရည်ချွန်စီမံကိန်း"** အမည်နှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရပြီး လာမည့်နှစ်တွင် နှစ် ၆၀ ပြည့်တော့မည်ဖြစ်ကြောင်း။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှစပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုထိန်းချုပ်ရသည့်အခြေအနေကြောင့် လူရည်ချွန်စီမံကိန်းကို ခေတ္တရပ်နားခဲ့ရာမှ ယခု ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်တွင် ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ယခုပညာသင်နှစ်တွင် အဋ္ဌမတန်းလူရည်ချွန် ၁၆၀၊ ဒသမတန်း လူရည်ချွန် ၁၆၀၊ ကောဒသမတန်း လူရည်ချွန် ၁၅၈ ဦး စုစုပေါင်း ၄၇၈ ဦးကို ရွေးချယ်မွေးထုတ်နိုင်ခဲ့ပြီး ပုဂံ၊ တောင်ကြီး၊ ငွေဆောင် စသည့် လူရည်ချွန်စခန်းအသီးသီးကို လေ့လာရေးခရီးစဉ်အဖြစ် စေလွှတ်သွားမည်ဖြစ်ကြောင်း။

**ဒေသန္တရဗဟုသုတများ တိုးပွားစေမည်**

ထိုသို့ အဖွဲ့လိုက် စုစုစည်းစည်း သွားလာနေထိုင်လေ့လာကြခြင်းဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ လူရည်ချွန်မောင်မယ်များအနေဖြင့် အချင်းချင်း ရင်းနှီးခင်မင်မှုရရှိခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသန္တရဗဟုသုတများ ဖလှယ်ခြင်းဖြင့် မိမိတို့သူငယ်ချင်းများ နေထိုင်ရာဒေသအကြောင်းနှင့် လူရည်ချွန်စခန်း အခြေစိုက်ရာဒေသများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များ၊ ဒေသန္တရဗဟုသုတများ တိုးပွားစေမည်ဖြစ်ပြီး မိမိတို့နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်၊ တန်ဖိုးထားစိတ်များ ကိန်းအောင်းရှင်သန်လာစေမည်ဖြစ်ကြောင်း။

**မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်း**

မျိုးဆက်သစ်လူငယ်မောင်မယ်များကို ယခုကဲ့သို့ ထူးချွန်ထက်မြက်သည့် လူရည်ချွန်များဖြစ်လာစေရေး ပြုစုပျိုးထောင်ပေးရန် အရေးကြီးသကဲ့သို့ ကိုယ်နှုတ်နှလုံးသုံးပါး ယဉ်ကျေးလိမ္မာပြီး လူမှုရေးအသိစိတ်ဓာတ်များရရှိစေရန်၊ လူ့အဖွဲ့အစည်းတွင် အဆင်ပြေစွာလိုက်လျောညီထွေ နေထိုင်တတ်စေရန်၊



နေပြည်တော် အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်း Grade-11 မှ နှစ်ထပ်ကွမ်း လူရည်ချွန် မခြူးမြတ်စန္ဒီ ဂါရဝပြုကျေးဇူးတင်စကား ပြောကြားစဉ်။

ပူးပေါင်းညှိနှိုင်းဆောင်ရွက်တတ်စေရန်၊ ဦးဆောင်တတ်သူများ ဖြစ်လာစေရန်နှင့် နောက်လိုက်ကောင်းများ ဖြစ်စေရန်၊ အသက်အရွယ်အလိုက် ရရှိထိုက်သည့် အခွင့်အရေးများရရှိကြရန်လိုကြောင်း၊ အဆိုပါ အခွင့်အရေးများနှင့် လျော်ညီစွာ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးတတ်စေရန်၊ လူလိမ္မာနှင့်လူမိုက်ကို ခွဲခြားသိရှိ ပေါင်းသင်းဆက်ဆံတတ်စေရန်၊ ပညာရှိသူတော်ကောင်းများ၏ သဘောသဘာဝကို သိရှိနားလည်ပြီး အဆိုပါပုဂ္ဂိုလ်များကဲ့သို့ နေထိုင်ပြုမူကျင့်သုံးတတ်စေရန်၊ တစ်နည်းအားဖြင့် စိတ်ထားမြင့်မြတ်ပြီး အဘက်ဘက်ကပြည့်စုံသည့် လူရည်ချွန် လူရည်မွန်များ ဖြစ်လာစေရန် ပျိုးထောင်ပေးရေးသည် နိုင်ငံတော်က မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ပင်ဖြစ်ကြောင်း။

**လူငယ်ကဏ္ဍအစီအစဉ်များစွာကိုလည်း အားပေး**

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် မောင်တို့မယ်တို့ကို နိုင်ငံ၏အနာဂတ်အတွက် ဦးဆောင်နိုင်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် ရည်မှန်းချက်ထားပြီး အများနှင့်စုပေါင်းနေထိုင်တတ်စေရန်၊ အများအကျိုးကို ဆောင်ရွက်နိုင်စေရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ပြည့်စုံသည့် အနာဂတ်မျိုးဆက်သစ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးနိုင်ရန်အတွက် လူရည်ချွန်စီမံကိန်းအပြင် လူငယ်ကဏ္ဍအစီအစဉ်များစွာကိုလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လူရည်ချွန်မောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

*စာမျက်နှာ ၃ မှ*

ထိုသို့ လေ့ကျင့်ပေးသည့်အတွက် မောင်တို့မယ်တို့သည် ဘက်စုံထူးချွန် လူရည်ချွန် လူရည်မွန်များအဖြစ် တိုင်းပြည်၏ အနာဂတ်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့် အထောက်အကူဖြစ်လာမည်ပင် ဖြစ်ကြောင်း၊ မောင်တို့မယ်တို့ ကျောင်းသားလူငယ်များထဲမှ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်နိုင်မည့် နိုင်ငံ့ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာစေရန်လည်း အများကြီးမျှော်လင့်သည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များ ပေါ်ထွက်လာစေရန် အလေးထားဆောင်ရွက်နေသကဲ့သို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ ကျောင်းသားကျောင်းသူများအားလုံး အနည်းဆုံးအလယ်တန်းဆင့် ( KG + 9 ) ပြီးမြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစပြီး အလယ်တန်းဆင့် ပြီးမြောက်အောင်မြင်ပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက်အထက်တန်းကျောင်း ၅၁ ကျောင်းကို ခရိုင် ၅၀ တွင် ဖွင့်လှစ်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

**အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်**

ထို့ကြောင့် အခြေခံပညာအလယ်တန်းဆင့် ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသားလူငယ်များအနေဖြင့် **အခြေခံပညာ(အထက်တန်း)၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာ၊ မွေးမြူရေးအတတ်ပညာ** စသည့်ပညာရေး လမ်းသွယ် လေးမျိုး သင်ယူနိုင်မည့် အခွင့်အလမ်းများကို ရရှိနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်ကို အသိပေးပြောကြားလိုကြောင်း၊ ထူးချွန်ထက်မြက်သူများအနေဖြင့်လည်း ဝါသနာပါရာအဆင့်မြင့်ပညာများကို သက်ဆိုင်ရာ သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်များတွင် ဆက်လက်သင်ယူနိုင်ကြမည်ဖြစ်သဖြင့် မိမိတို့ဘဝအတွက်၊ နိုင်ငံအတွက် ကြိုးစားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများကို အရည်အချင်းစိစစ်ပြီး နိုင်ငံအသီးသီးသို့ ပညာတော်သင်များ စေလွှတ်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံအရေးကို ဦးထိပ်ထားပြီး မိမိသင်ယူရမည့် ပညာရပ်နယ်ပယ်တွင် ထူးချွန်ထက်မြက်အောင် အပတ်တကုတ် ကြိုးစားအားထုတ်ကြရန် မှာကြားလိုကြောင်း။

ထို့ပြင် မိမိတို့၏ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခြိမ်းခြောက်လျက်ရှိသည့် မိမိဘဝ အညွန့်ကျိုး ဒုက္ခရောက်စေမည့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များကို ပိုမိုသိရှိနားလည်သတိထား ရှောင်ရှားကြရန်နှင့် အမှောင့်ပယောဂ အမျိုးမျိုးတို့ကို အသိဉာဏ်ပညာနှင့် ရှောင်ရှားနိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် အားလပ်သည့်အချိန်တွင် မိမိတို့၏ ပင်ကိုအရည်အသွေးကို မြှင့်တင်သည့်လုပ်ငန်းများကို ဆောင်ရွက်ကြရန်၊ အင်တာနက်ကို အကျိုးရှိစွာ အသုံးချပြီး အင်တာနက်ကို ပညာရှာမှီးရာတွင် အသုံးချရန်၊ စာများများဖတ်ကြရန်နှင့် မိမိကျန်းမာရေးကို ဂရုစိုက်ကြရန် မှာကြားလိုကြောင်း။

**❑ မောင်တို့ မယ်တို့အနေဖြင့် မိဘ၊ ဆရာသမားများ၏ ပြောဆိုဆုံးမမှုအောက်တွင် ကောင်းမွန်သည့် စည်းကမ်းများ၊ ကိုယ်ကျင့်တရားများနှင့်အညီ ကြိုးစားအားထုတ်ခဲ့ကြသဖြင့် ယခုကဲ့သို့ ဂုဏ်ပြုအခမ်းအနားကြီးကို တက်ရောက်ခွင့်ရရှိခြင်းဖြစ်သည့်အတွက် ဆက်လက်၍လည်း ယခုကဲ့သို့ ကြိုးစား**

နိုင်ငံတစ်နိုင်ငံ အစွန့်ရှည်တည်တံ့ခိုင်မြဲပြီး အောင်မြင်ရန်အတွက် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသကဲ့သို့ နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေးသည်လည်း အလွန်အရေးကြီးကြောင်း၊ နိုင်ငံတော် ထာဝရအစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားများ၏ မြင့်မားသည့် အသိဉာဏ်ပညာ စွမ်းပကားနှင့် တည်ဆောက်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသည့်စိတ်၊ ကိုယ်ကျင့်သိက္ခာတရားကို တန်ဖိုးထားသည့်စိတ်၊ ကြိုးစားအားထုတ်လိုစိတ်၊ တီထွင်ဖန်တီး ထိုးထွင်းဆောင်ရွက်လိုစိတ်များရှိရန်လည်း အထူးလိုအပ်သည်ကို ပြောကြားလိုကြောင်း။

မောင်တို့ မယ်တို့အနေဖြင့် မိဘ၊ ဆရာသမားများ၏ ပြောဆိုဆုံးမမှုအောက်တွင် ကောင်းမွန်သည့် စည်းကမ်းများ၊ ကိုယ်ကျင့်တရားများနှင့်အညီ ကြိုးစားအားထုတ်ခဲ့ကြသဖြင့် ယခုကဲ့သို့ ဂုဏ်ပြုအခမ်းအနားကြီးကို တက်ရောက်ခွင့်ရရှိခြင်းဖြစ်သည့်အတွက် ဆက်လက်၍လည်း ယခုကဲ့သို့ကြိုးစားသွားကြရန် ထပ်လောင်းပြောကြားလိုကြောင်း။

**○ ယခုပညာသင်နှစ်တွင် အဌမတန်းလူရည်ချွန် ၁၆၀၊ ဒသမတန်း လူရည်ချွန် ၁၆၀၊ ကောဒသမတန်း လူရည်ချွန် ၁၅၈ ဦး စုစုပေါင်း ၄၇၈ ဦးကို ရွေးချယ်မွေးထုတ်နိုင်ခဲ့ပြီး ပုဂံ၊ တောင်ကြီး၊ ငွေဆောင် စသည့် လူရည်ချွန်စခန်းအသီးသီးကို လေ့လာရေးခရီးစဉ်အဖြစ် စေလွှတ်သွားမည်**

**မမေ့မလျော့ အစဉ်အမြဲကျင့်ကြံနေထိုင်**

**"စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်"**ဆိုသည့် စကားနှင့်အညီ ဆက်လက်လျှောက်လှမ်းရမည့် အနာဂတ်ခရီးလမ်းတွင်လည်း မောင်တို့မယ်တို့ ကျောင်းခန်းထဲတွင် တွေ့မြင်နေကြရသည့် **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ဥပဒေနှင့်စည်းကမ်းကို လေးစားလိုက်နာသည့် နိုင်ငံကြီးသားပီသစေရန် မမေ့မလျော့ အစဉ်အမြဲ ကျင့်ကြံနေထိုင်ကြရန်လည်း တိုက်တွန်းလိုကြောင်း။

ကျောင်းသား ကျောင်းသူဘဝတွင် တပည့်ကောင်းဖြစ်စေရေး ကြိုးပမ်းရမည်ဖြစ်သကဲ့သို့ တိုင်းပြည်ကို ဦးဆောင်မည့်သူများဖြစ်ရန်အတွက် စည်းကမ်းကောင်းမွန်သည့်ခေါင်းဆောင်ကောင်းများ ဖြစ်လာကြရေး ကြိုးပမ်းအားထုတ်ရန် တိုက်တွန်းမှာကြားလိုကြောင်း။

**ဘဝအတွက် အခြေခံကောင်းများကို ပိုင်ဆိုင်**

မောင်တို့မယ်တို့ ကျောင်းသားကျောင်းသူ လူငယ်များအနေဖြင့် ဘဝဆက်လက်ရှင်သန်အောင်မြင်အောင် လျှောက်လှမ်းနိုင်ရန် အခြေခံကောင်းများ ပြည့်စုံနေရန် လိုအပ်ကြောင်း၊ ယင်းအခြေခံကောင်းများသည် လူငယ်ဘဝတွင် ကျင့်ကြံလိုက်နာပြုမူ ကြရမည့် ကျင့်ဝတ်များပင် ဖြစ်ကြောင်း၊ အဆိုပါကျင့်ဝတ်များမှာ မောင်တို့မယ်တို့ သိရှိပြီးဖြစ်သည့် **"သားသမီးကျင့်ဝတ် ငါးပါး"** နှင့် **"တပည့်ကျင့်ဝတ်ငါးပါး"** တို့ပင် ဖြစ်ကြောင်း၊ လူငယ်ဘဝတွင် အဆိုပါကျင့်ဝတ်များကို ထိန်းသိမ်းလိုက်နာသွားနိုင်ကြမည်ဆိုပါက ဘဝအတွက် အခြေခံကောင်းများကို ပိုင်ဆိုင်ကြပြီး တိုးတက်အောင်မြင်ကြမည်ဖြစ်သကဲ့သို့ နိုင်ငံတော်က အားကိုးအားထားပြုရမည့် သားကောင်းရတနာများ ဖြစ်လာကြမည်မှာ ဧကန်မလွဲဖြစ်သည်ဟု ပြောကြားလိုကြောင်း။

**သစ္စာရှိစွာ ပခုံးပြောင်းတာဝန်ယူ**

လူရည်ချွန်မောင်မယ်များအနေဖြင့် မိမိကိုယ်တိုင်၊ မိမိကျောင်း၊ မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံတော်၏ အကျိုးစီးပွားအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ သစ္စာရှိစွာ ပခုံးပြောင်းတာဝန်ယူဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းမှာကြားလိုကြောင်း။

**"လူရည်ချွန်စီမံကိန်း"** သည် ဆယ်စုနှစ်များစွာ သန္ဓေတည်ဖွံ့ဖြိုးလာခဲ့ပြီး နိုင်ငံ့သားကောင်းရတနာများ မွေးထုတ်ပေးခဲ့သည့်၊ အစဉ်အလာကောင်းရှိခဲ့သည့် ပညာရေးစီမံကိန်းလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် **"ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး"** ဆိုသည့် ဦးတည်ချက်ကို ပေါက်မြောက် အောင်မြင်ရန်အတွက် လာမည့်ပညာသင်နှစ်များတွင်လည်း အနာဂတ်မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ဖော်ထုတ်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ လူရည်ချွန်မောင်မယ်များအားလုံး ကျန်းမာပျော်ရွှင်စွာနှင့် လေ့လာရေးခရီးစဉ်တွင် အစအဆုံး အောင်အောင်မြင်မြင် ပါဝင်နိုင်ကြပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် နိုင်ငံ့အကျိုးပြု သားကောင်းရတနာ သမီးကောင်းရတနာများဖြစ်ကြပါစေဟု ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကိုယ်စား နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ နှစ်ထပ်ကွမ်းလူရည်ချွန် မခြူးမြတ်စန္ဒီက ဂါရဝပြုကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ လူရည်ချွန်မောင်မယ်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လူရည်ချွန်မောင်မယ်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားဝင်စတင်လက်ခံခြင်း (Grand Opening) အခမ်းအနားနှင့် ကမ္ဘာ့မူပိုင်ခွင့်နေ့(၂၀၂၃) အထိမ်းအမှတ်အခမ်းအနားတက်ရောက်

နေပြည်တော် ဧပြီ ၂၆

**ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားဝင် စတင်လက်ခံခြင်း (Grand Opening) အခမ်းအနားနှင့် ကမ္ဘာ့မူပိုင်ခွင့်နေ့(၂၀၂၃) အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက် အမှာစကား ပြောကြားသည်။**



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း ဆောင်ရွက်နေသော ဥပဒေအကျိုးဆောင် မူပိုင်ခွင့်ဆိုင်ရာ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြပြီး နိုင်ငံတကာ အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများနှင့် တိုင်းဒေသကြီး/ပြည်နယ်ရုံး၊ ရုံးခွဲများမှ တာဝန်ရှိသူများက Online ဖြင့် ပါဝင်တက်ရောက်ကြသည်။



အခမ်းအနားတွင် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization-WTO) နှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (World Intellectual Property Organization -WIPO) တို့၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ဖြစ်တည်လာပြီး နောက်ပိုင်းတွင် နိုင်ငံတကာအဆင့်မီသည့် မူပိုင်ခွင့်စနစ်တစ်ရပ် တည်ထောင်ရန် လိုအပ်လာကြောင်း၊ မူပိုင်ခွင့် ဥပဒေ ၄ ရပ်ကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေများအနက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် အာဏာတည်ခဲ့ပြီး ဖြစ်ကြောင်း၊ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းအား တရားဝင် လက်ခံဆောင်ရွက်ခြင်းကို ၂၀၂၃ ခုနှစ်၊ ဧပြီ ၂၆ ရက်တွင် စတင်မည်ဖြစ်သည့်အတွက် ယနေ့သည် မြန်မာနိုင်ငံ၏ မူပိုင်ခွင့်သမိုင်းတွင် ပြည်တွင်း၊ ပြည်ပမှ အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေအရ ဆောင်ရွက်နိုင်ရန် စတင်သည့် မှတ်တမ်းဝင် နေ့ရက်ဖြစ်ပါကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း တရားဝင် စတင်လက်ခံခြင်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

ယနေ့သည် "ကမ္ဘာ့မူပိုင်ခွင့်နေ့ (World IP Day)" ဖြစ်သည့်အတွက် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (WIPO)၏ အဖွဲ့ဝင်နိုင်ငံအသီးသီးတွင် အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလျက်ရှိပါကြောင်း၊ ယခုနှစ် ကမ္ဘာ့မူပိုင်ခွင့်နေ့ (၂၀၂၃)၏ ဆောင်ပုဒ်သည် **"Women and IP: Accelerating Innovation and Creativity" "မူပိုင်ခွင့်နှင့် အမျိုးသမီးများ ဆန်းသစ်တီထွင် မြှင့်တင်သွား"** ဖြစ်သည့်အတွက် မူပိုင်ခွင့်ကဏ္ဍနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြသည့် အမျိုးသမီးများကို အထူးအသိအမှတ်ပြုသည့် နှစ်တစ်နှစ်ဖြစ်ပါကြောင်း၊ ယခုအခမ်းအနားတွင် ကမ္ဘာ့မူပိုင်ခွင့်နေ့ (၂၀၂၃)၏ ဆောင်ပုဒ်နှင့် စပ်လျဉ်းသည့် စကားဝိုင်းနှင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ စကားဝိုင်းတို့ကို ထည့်သွင်းစီစဉ်ထားရှိရာ အဆိုပါ စကားဝိုင်းဆွေးနွေးမှုများမှ တစ်ဆင့် မူပိုင်ခွင့်ဆိုင်ရာ ဗဟုသုတများ ရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်တွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ဥပဒေအရ ဆောင်ရွက်ပေးခြင်းနှင့် အမှတ်တံဆိပ်များအား အကာအကွယ် ပေးနိုင်ခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ အမှတ်တံဆိပ်ပိုင်ရှင်နှင့် အခွင့်အရေးရရှိသူတို့၏ အကျိုးစီးပွားကို ထိရောက်စွာ အကာအကွယ်ပေးခြင်း၊ အမှတ်တံဆိပ်တုပမှုနှင့် ကုန်ပစ္စည်းအတုများ ဈေးကွက်သို့ ဝင်ရောက်လာမှုကို ဟန့်တားနိုင်သည့်အတွက် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုစနစ်ကို တည်ဆောက်စေနိုင်ခြင်းနှင့် အများပြည်သူအတွက် ဘေးကင်းလုံခြုံသည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏မူပိုင်ခွင့်စနစ် တည်ဆောက်ရာတွင် မိမိတို့နှင့် သက်ဆိုင်သည့် အခန်းကဏ္ဍများတွင် ဝိုင်းဝန်းပူးပေါင်း ပါဝင် ဆောင်ရွက်ပေးကြပါရန် ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၏ ၂၀၂၃ ခုနှစ် ကမ္ဘာ့မူပိုင်ခွင့်နေ့အတွက် ပေးပို့သည့် Video Message ကို ပြသသည်။

ယင်းနောက် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌက ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်း တရားဝင် စတင်လက်ခံခြင်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မူပိုင်ခွင့်ဦးစီးဌာန၏ လှုပ်ရှားမှုမှတ်တမ်း Documentary ကို ပြသပြီး မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ကမ္ဘာ့မူပိုင်ခွင့်နေ့ အထိမ်းအမှတ်

***စာမျက်နှာ ၆ သို့***



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး အခမ်းအနားတွင် ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုစဉ်။

## လယ်ယာကဏ္ဍ စာရင်းအင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဧပြီ ၂၆** – လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ကျင်းပသည့် လယ်ယာကဏ္ဍ စာရင်းအင်းဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် စာရင်းအင်း အရည်အသွေးတိကျ၊ ပြည့်ဝ၊ မှန်ကန်စေရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် (Mekong-Lancang Cooperation Data Center) ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွဋ်က အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲကို ဧပြီ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တာ ကျင်းပမည်ဖြစ်သည်။ **ဟိန်းဇော်ထက်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများအား မန္တလေးတိုင်းဒေသကြီးမှ ပင့်ဖိတ်ထားသောဆရာတော်ကြီးများ လာရောက်လေ့လာဖူးမြော်ကြည်ညို

နေပြည်တော် မေ ၂၆

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုအခြေအနေများကို နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသည့် ဘဒ္ဒန္တ သုဇနပိယ၊ ဘဒ္ဒန္တသာဂရာဘိဝံသ တို့ ဦးဆောင်သော မန္တလေးတိုင်းဒေသကြီးမှ ပင့်ဖိတ်ထားသည့် ဆရာတော်၊ သံဃာတော် စုစုပေါင်း ၁၅၅ ပါးတို့က ယနေ့နံနက်ပိုင်းတွင် လာရောက်လေ့လာ ဖူးမြော်ကြည်ညိုကြသည်။** (ယာပုံ)

ဦးစွာ ဆရာတော်၊ သံဃာတော်ကြီးများအား ရှင်းလင်းဆောင်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရေး စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့် တူးဖော်ခဲ့ရမှုနှင့် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းတို့မှ အဆင့်ဆင့်ပင့်ဆောင်ခဲ့ရမှု၊ ဆင်းတုတော် အပိုင်း (၁/၂/၃/၄) တို့ကို ထုဆစ်ပုံဖော်ခဲ့မှုနှင့် ပလ္လင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက် တည်ဆောက်ကာ





ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်း အဆင့်ဆင့် ဆောင်ရွက်ခဲ့မှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီး စိမ်းလန်းစိုပြည်သာယာ လှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိက အဆောက်အဦများ ထည့်သွင်းတည်ဆောက်လျက်ရှိမှုနှင့် အဆင့်ဆင့် တိုးတက်လာမှု အခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။



ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်ကြီးများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော် တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိက အဆောက်အဦများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ တာဝန်ရှိသူများသည် ဆရာတော်၊ သံဃာတော်ကြီးများအား နေ့ဆွမ်းနှင့် အချိုပွဲများ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်၊ သံဃာတော်ကြီးများထံမှ အနုမောဒနာ တရားနာယူကြသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ဩဝါဒခံယူခဲ့ကြသည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များသည်လည်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း သာသနိက အဆောက်အဦများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လာရောက်ဖူးမြော်ကြည်ညိုလေ့လာခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

စာမျက်နှာ ၅ မှ

ကဗျာ၊ ပိုစတာ၊ ကာတွန်း၊ ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများနှင့် ဂုဏ်ပြုတေးရေးစပ်သီကုံးသူ၊ သီဆိုသူများကို ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တေးသံရှင်များက ကမ္ဘာ့မူပိုင်ခွင့်နေ့(၂၀၂၃) အထိမ်းအမှတ်အခမ်းအနား ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "ဉာဏ်ပန်းကလေးတွေ လန်းဆန်းစေ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး မူပိုင်ခွင့်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက "ပုခက်လွှဲသော မူပိုင်ခွင့်လက်များ" တေးသီချင်းတို့ဖြင့် တေးသရုပ်ဖော် တင်ဆက်ကြသည်။

ယင်းနောက် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကမ္ဘာ့မူပိုင်ခွင့်နေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ခင်းကျင်းပြသထားသည့် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်း သရုပ်ဖော်ပြသထားမှု၊ မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ ၂၀၂၃ ခုနှစ် ကမ္ဘာ့မူပိုင်ခွင့်နေ့ အထိမ်းအမှတ် ကဗျာ၊ ပိုစတာ၊ ကာတွန်း၊ ဆောင်းပါးပြိုင်ပွဲဝင် လက်ရာများနှင့် ဆုရရှိသူများ၏ လက်ရာများ၊ မူပိုင်ခွင့်ဦးစီးဌာန၏ ဒေသဆိုင်ရာ အညွှန်းဆောင်ရွက်ချက်များ၊ မူပိုင်ခွင့်ဥပဒေ လေးမျိုးနှင့် ကုန်ပစ္စည်း အတု-အစစ် ပြသထားမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ကမ္ဘာ့မူပိုင်ခွင့်နေ့(၂၀၂၃)၏ ဆောင်ပုဒ် "မူပိုင်ခွင့်နှင့် အမျိုးသမီးများ ဆန်းသစ်တီထွင်မြှင့်တင်သွား" ခေါင်းစဉ်ဖြင့် မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ် သုံးဦး ပါဝင်သည့် အမျိုးသမီး လေးဦးက စကားဝိုင်းဆွေးနွေးခြင်း၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်အကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် မူပိုင်ခွင့်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် စီးပွားရေးလုပ်ငန်းရှင်များအသင်းအဖွဲ့ဝင် ခြောက်ဦးတို့က စကားဝိုင်း ဆွေးနွေးခြင်းများ ပြုလုပ်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် မေ ၂၆ ရက်မှစတင်၍ အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန နေပြည်တော် (ရုံးချုပ်)၊ အောက်မြန်မာပြည် (ရန်ကုန်ရုံးခွဲ) နှင့် အထက်မြန်မာပြည် (မန္တလေးရုံးခွဲ) တို့တွင် လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ မူပိုင်ခွင့်ကိုယ်စားလှယ်မှ တစ်ဆင့် Online ဖြင့် လည်းကောင်း လျှောက်ထားမှတ်ပုံတင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

## မြောင်းမြတွင် တည်ထားကိုးကွယ်မည့် ရွှေတိဂုံစေတီပုံစံတူစေတီတော်မြတ်ကြီး မြေသန့်မင်္ဂလာနှင့် ပန္နက်တော်တင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

မြောင်းမြ မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ဗမော်သုံးခွကျေးရွာအုပ်စုရှိ အောက်ဝဲဒေါင့် ကျေးရွာ အောင်ချမ်းမြေ့ ဓမ္မာရုံဝင်းအတွင်း၌ တည်ထား ကိုးကွယ်မည့် ရွှေတိဂုံစေတီ ပုံစံတူစေတီတော်မြတ်ကြီး မြေသန့်မင်္ဂလာ၊ ပန္နက်တော်တင်နှင့် တွင်းတော်ဝန် မဟာမင်္ဂလာ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။



အဆိုပါ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကြွရောက်တော်မူကြသော ဆရာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်သည်။ ဆက်လက်ပြီး မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းငွေးက သာသနာရေးဆိုင်ရာ လျှောက်ထားချက်များ လျှောက်ထားပြီး မြောင်းမြမြို့နယ် ရွှေဂူဂျီဦးဝေပုလ္လဆရာတော် အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူ၍ တရားတော်မြတ်များနာကြားပြီး လှူဖွယ်ပစ္စည်းများကိုကြွရောက်လာသော ဆရာတော် အရှင်သူမြတ်များအား ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေသည်။ ထို့နောက် ရွှေတိဂုံစေတီ ပုံစံတူစေတီတော်မြတ်ကြီး ပန္နက်တော်တင်မင်္ဂလာကို ပြုလုပ်၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို၍ အခမ်းအနားကို အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။

ရွှေတိဂုံစေတီပုံစံတူ စေတီတော်မြတ်ကြီး ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ကဆုန်လဆန်း ၁၂ ရက်နေ့ မေ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး လှူဒါန်းလိုသည့် အလှူရှင်များသည် မဇ္ဈိမရောင်ခြည် ပရဟိတဆရာတော် ဘဒ္ဒန္တပညာနန္ဒ နှင့် စေတီတော်ဖြစ်မြောက်ရေးကော်မတီ နာယက ဦးလှဝင်း (၀၉-၄၄၇၇၄၁၂၃၀၊ ၀၉-၇၈၂၁ ၃၅၉၆၆) သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၃) ကျင်းပ




**နေပြည်တော် ဧပြီ ၂၆**

စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၃) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် စီးပွားရေးရာဝန်ကြီးများ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် စာရင်းအင်းပညာဌာန ပါမောက္ခနှင့် မြန်မာနိုင်ငံစာရင်းအင်းပညာအသင်း ဒုတိယဥက္ကဋ္ဌတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက စာရင်းအင်းအချက်အလက် မှန်ကန်ရေးသည် နိုင်ငံတိုင်းအတွက် အလွန်အရေးပါပြီး နိုင်ငံတစ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်နှင့် အမျိုးသားစာရင်းအင်းစနစ် ခိုင်မာအားကောင်းရန် အထူးလိုအပ်ကြောင်း၊ အရည်အသွေးပြည့်ဝသော စာရင်းအချက်အလက်များ ရရှိခြင်းဖြင့် မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လူမှု-စီးပွား သုတေသန ဆောင်ရွက်သူများအနေဖြင့် ဖွံ့ဖြိုးမှုမူဝါဒများ၊ စီမံကိန်းများ၊ စီးပွားရေးဝန်းကျင်ကောင်းများကို ချမှတ်ဖန်တီးပေးနိုင်မည်ဖြစ်ပြီး အကန့်အသတ်ဖြင့်ရှိနေသည့် အရင်းအမြစ်များကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ စာရင်းအင်းကဏ္ဍသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအဆင့်တိုင်းတွင် မရှိမဖြစ်လိုအပ်သည့်အတွက် တိုးတက်ပြောင်းလဲနေသော နည်းပညာများ၊ နည်းစနစ်များနှင့် ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံတွင် ကျင့်သုံးနေသည့် စာရင်းအင်းစနစ်သည် ဗဟိုထိန်းချုပ်မှုလျှော့ချသည့် စာရင်းအင်းစနစ်ဖြစ်သဖြင့် စာရင်းအင်းအချက်အလက်များပြည့်စုံစွာ စုစည်းတွက်ချက်ထုတ်ပြန်နိုင်ရန် ဗဟိုစာရင်းအင်းအဖွဲ့တစ်ခုတည်းသာမက အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများအနေဖြင့်လည်း စာရင်းအင်းနှင့် သက်ဆိုင်သည့် ဌာန/အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ရှိရန် အထူးလိုအပ်ကြောင်း။

စားသုံးသူဈေးဆနှုန်း တွက်ချက်ရာတွင် ပါဝင်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ခေတ်စနစ်နှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် အခြေခံနှစ်ကို ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်သို့ ပြောင်းလဲတွက်ချက်ရန် ဆောင်ရွက်လျက်ရှိရာ Timeline အတိုင်း ပြီးစီးအောင် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးရေးတွင် အလွန်အရေးပါပြီး ခိုင်မာ၍ ယုံကြည်ကိုးစားနိုင်သော မြေပြင်စာရင်းအင်း အချက်အလက်မှန်များဖြစ်စေရန်၊ အချိန်နှင့်တစ်ပြေးညီဖြစ်ရန်နှင့် ရှေ့နောက်ညီညွတ်မှုရှိရန် ဝန်ကြီးဌာနများအကြား၊ ပြည်ထောင်စုနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအကြား စာရင်းအင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုယန္တရားကို အချိတ်အဆက်မိမိ အရှိန်အဟုန်မြှင့် တိုးချဲ့ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော်က စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီ ပြန်လည်ဖွဲ့စည်းမှု၊ ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၂) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ စာရင်းအင်းကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်မှု၊ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းတို့ကို ၂၀၁၂ ခုနှစ် အခြေခံနှစ်မှ ၂၀၁၇ ခုနှစ် အခြေခံနှစ်သို့ ပြောင်းလဲတွက်ချက်မှု၊ စာရင်းအင်းဆိုင်ရာ အသိပညာမြှင့်တင်မှု၊ အစည်းအဝေးများ ကျင်းပမှုနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်မှုသင်တန်းများ၊ စစ်တမ်းများကောက်ယူမှုနှင့် Survey Calendar၊ စာရင်းအင်းစာစောင်များ ထုတ်ပြန်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီးပွားရေးရာဝန်ကြီးများနှင့် တာဝန်ရှိသူများက စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အာရှယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ရေးဆိုင်ရာ မဟာမိတ်အဖွဲ့တည်ထောင်သည့် အစည်းအဝေးသို့တက်ရောက်ပြီး တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဧပြီ ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်ရှီးပြည်နယ် ရှီအန်းမြို့၌ ဧပြီ ၂၄ ရက်မှ ၂၅ ရက်အထိ ကျင်းပသည့် အာရှယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ရေးဆိုင်ရာ မဟာမိတ်အဖွဲ့ တည်ထောင်သည့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံမှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စု ဝန်ကြီးအား တရုတ်နိုင်ငံသံရုံးနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အာရှယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်ရေးဆိုင်ရာ မဟာမိတ်အဖွဲ့ တည်ထောင်သည့် အစည်းအဝေးတွင် မြန်မာနိုင်ငံသည် မူလအဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်အရ မဟာမိတ်အဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး မြန်မာနိုင်ငံနှင့်အတူ သီရိလင်္ကာနိုင်ငံနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့လည်း အဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးသို့ မူလအဖွဲ့ဝင် ၁၀ နိုင်ငံအပြင် လေ့လာသူနိုင်ငံများအဖြစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့ တက်ရောက်ခဲ့ကြသည်။

မဟာမိတ်အဖွဲ့ ကောင်စီ အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက အဖွဲ့ဝင်နိုင်ငံအသစ်အနေဖြင့်လည်းကောင်း၊ မဟာမိတ်အဖွဲ့ တည်ထောင်မှု အခမ်းအနားတွင် အဖွဲ့ဝင်နိုင်ငံ၏ ယဉ်ကျေးမှုဝန်ကြီးအနေဖြင့် လည်းကောင်း မိန့်ခွန်းပြောကြားခဲ့သည်။

ယင်း အစည်းအဝေးတွင် တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများက အာရှယဉ်ကျေးမှုအမွေအနှစ်များ မဟာမိတ်အဖွဲ့ စည်းမျဉ်းစည်းကမ်းမူကြမ်းများကို အတည်ပြုခြင်း၊ ၂၀၂၃-၂၀၂၄ လုပ်ငန်းစဉ်ကို ဆွေးနွေးခြင်း၊ မဟာမိတ်အဖွဲ့၏ အထွေထွေအတွင်းရေးမှူးချုပ် ရွေးချယ်ခြင်းနှင့် ရှီအန်းကြေညာချက် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

တရုတ် ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် တရုတ်နိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့်ရှေးဟောင်းသုတေသနကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင် H.E. SHEN Yiqin၊ နိုင်ငံတော် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဗျူရိုမှ တာဝန်ရှိသူများ၊ စန်ရှီးပြည်နယ် ပါတီအတွင်းရေးမှူး၊ အုပ်ချုပ်ရေးမှူး၊ ဒုတိယအုပ်ချုပ်ရေးမှူးနှင့် ယူနန်ပြည်နယ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အာရှယဉ်ကျေးမှုအမွေအနှစ်များ မဟာမိတ်အဖွဲ့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းဖြင့် အာရှတစ်ဝန်းရှိ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများဖြစ်သည့် အမွေအနှစ်နေရာဒေသများ ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၊ ပြတိုက်အချင်းချင်းဖလှယ်ခြင်း၊ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ အမည်စာရင်း တင်သွင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ တရားမဝင် တင်သွင်းခြင်းနှင့် တင်ပို့ခြင်းတို့ကို တားဆီးခြင်း၊ ဒေသတွင်း ပျောက်ဆုံးသွားသော ယဉ်ကျေးမှုပစ္စည်းများ ပြန်လည်ရရှိမည့် အစီအစဉ်များ၌ နိုင်ငံတကာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်သည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးကိုကို အာရှယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ရေးဆိုင်ရာ မဟာမိတ်အဖွဲ့တည်ထောင်သည့် အစည်းအဝေးတွင် တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ရုရှား - မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီ ဘူးလော့ချ်နိကော့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၆**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီ ဘူးလော့ချ်နိကော့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ် (၉) ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရုရှားနှင့် မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးတက်လာစေရန် ဆောင်ရွက်ပေးနေသော ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအသင်းကို ကျေးဇူးတင်ရှိကြောင်း ဦးစွာပြောကြားသည်။ ယင်းနောက် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပို့ဆောင်ဆက်သွယ်ရေး၊ ခရီးသွားလာရေး၊ ပညာရေး၊ ဥပဒေရေးရာ၊ ဘဏ္ဍာရေး စသည့်ကဏ္ဍများတွင် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေးကိစ္စများနှင့် ရုရှားနိုင်ငံမှာကျင်းပသည့် ဖိုရမ်များသို့ ပါဝင်တက်ရောက်ခြင်းဖြင့်ရရှိသည့် အကျိုးကျေးဇူးများကို အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန မိုးညှင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မဉ္ဇူမင်း ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## နတ်မောက်မြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီတွင် ကျေးရွာထင်းစိုက်ခင်း ဧက ၂၀ ကို လွှဲပြောင်းပေးသွားမည်

**နတ်မောက် ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၂၃ ခုနှစ် မိုးရာသီတွင် ကျေးရွာထင်းစိုက်ခင်းဧက ၂၀ အား စိုင်ကောင်းကြိုးဝိုင်းအကွက် အမှတ်(၁၅)အတွင်း တည်ထောင်စိုက်ပျိုးပေးမည် ဖြစ်သည်။

အဆိုပါစိုက်ခင်းတွင် မြို့နယ်သစ်တောဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် စိုက်ပျိုးမည့်ပျိုးပင်များကို စိုက်ခင်းနှင့်အနီးရှိ ဥယျာဉ်ကျေးရွာ၌ ယာယီပျိုးဥယျာဉ်တည်ဆောက်ထားလျက်ရှိရာ ယူကလစ် သစ်မျိုးပေါင်း အပင် ၂၉၀၄၀ အား ပျိုးထောင်ထားရှိပြီး စိုက်ခင်းကို ရွာသစ်ကျေးရွာရှိ ဒေသခံပြည်သူများ ထင်းလောင်စာအခက်မရှိစေရန် ရွာသစ်ကျေးရွာသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးမှူးထံမှ သိရသည်။

**လှဝင်း**

## အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်- ၁၀၀၀)၌ အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဧပြီ ၂၆**

မေ ၁ ရက်တွင်ကျရောက်မည့် အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်၌ အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများစုပေါင်း၍ သွေးလှူဒါန်းပွဲ ကျင်းပရာ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်အားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များသည် သွေးလှူရှင်ဝန်ထမ်းများကို ဆေးဝါးများနှင့် အာဟာရပစ္စည်းများ ပေးအပ်၍ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးသည်။**(ယာပုံ)** ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ အဆိုပါစုပေါင်းသွေးလှူဒါန်းပွဲတွင် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်း ၆၀ စုပေါင်း သွေးလှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**



## အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဧပြီ ၂၆**

မေ ၁ ရက်တွင် ကျရောက်မည့် အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ ခုံသမာဓိအဖွဲ့ဝင်များ၊ မြို့နယ်ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)မှ ကိုယ်စားလှယ်များ၊ FTE (လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ) အခြေခံအလုပ်သမားအဖွဲ့အစည်း၊ Tokyo (ပိုက်စက်ရုံ) အခြေခံအလုပ်သမားအဖွဲ့အစည်း၊ Eslite Co., Ltd(အထည်ချုပ်စက်ရုံ) အခြေခံအလုပ်သမားအဖွဲ့အစည်းနှင့် Tsangyih (ဖိနပ်စက်ရုံ) အခြေခံအလုပ်သမား အဖွဲ့အစည်းတို့မှ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးမှူး၊ အမှုဆောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။ **(ဝဲပုံ)**



ဦးစွာ တိုင်းဒေသကြီး တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက မေ ၁ ရက်တွင် ကျရောက်မည့် အလုပ်သမားနေ့ အခမ်းအနားကို နိုင်ငံတော်၏ မူဝါဒများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများ၏ အကျိုးကို ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးနေမှုများကို သိရှိနိုင်စေရန်အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆွေးနွေးပွဲ ကျင်းပပြီး အလုပ်ရှင်၏ အကျိုးစီးပွား ထိခိုက်ခြင်းမရှိစေဘဲ အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများနှင့်အညီ ဆောင်ရွက်ပေးနေသည့် အလုပ်သမားရေးရာ ကဏ္ဍများကို ဆွေးနွေးဖလှယ်နိုင်ရန် ယခုကဲ့သို့ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ သုံးပွင့်ဆိုင် ဆွေးနွေးပွဲတွင် အလုပ်သမားရေးရာကဏ္ဍများကို ဆွေးနွေးဖလှယ်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အလုပ်သမားဝန်ကြီးဌာန အနေဖြင့် လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ အလုပ်အကိုင်နေရာချထားရေး၊ လုပ်ငန်းခွင် ကျွမ်းကျင်မှုရှိစေရေး၊ အလုပ်ရှင်၊ အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာစေရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရေး စသည့်အလုပ်သမားရေးရာ ကဏ္ဍများကို ဦးတည်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများက Moderator အဖြစ် ဆောင်ရွက်ပြီး အလုပ်သမားဝန်ကြီးဌာနမှ နိုင်ငံတော်၏ မူဝါဒများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများ၏ အကျိုးကို ဆောင်ရွက်ပေးခဲ့မှုကို အစိုးရကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်များက အုပ်စုသုံးစုဖွဲ့၍ အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာဆိုင်ရာ ကွန်ဖရင့်နှင့် မြန်မာ-စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖိုရမ်သို့ အွန်လိုင်းမှတက်ရောက် အမှာစကားပြောကြား

**နေပြည်တော် မေ ၂၆**

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် (၇၅)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်နှင့် တိုက်ဆိုင်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ အစီအစဉ်များအနက် တစ်ခုဖြစ်သော ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာဆိုင်ရာကွန်ဖရင့်ကို မေ ၂၄ ရက် မွန်းလွဲပိုင်းတွင် Moscow State Institute of International Relations (University) of the Ministry of Foreign Affairs of the Russian Federation (MGIMO) ၌ ကျင်းပပြုလုပ်သည်။




အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်က အွန်လိုင်းမှ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာ ယနေ့ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးမှာ ခိုင်မာပြီး တူညီသောအကျိုးစီးပွား၊ တန်ဖိုးထားမှုများနှင့် အပြန်အလှန် နားလည်သော ချစ်ကြည်ရင်းနှီးမှုများရှိပါကြောင်း၊ ပထဝီဝင်အနေအထားရ ခြားနားနေသော်လည်း ပြည်သူအချင်းချင်း အပြန်အလှန် ကူးလူးဆက်သွယ်မှုတို့မှတစ်ဆင့် အဆိုပါစိန်ခေါ်မှုကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထိုမှတစ်ဆင့် နှစ်နိုင်ငံ ကုန်သွယ်ရေး၊ စီးပွားရေး၊ ခရီးသွားလုပ်ငန်း၊ စက်မှုလုပ်ငန်း စသော အလားအလာရှိသည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံ၍ ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း၊ ယခုကွန်ဖရင့်မှတစ်ဆင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက် အကောင်အထည် ဖော်နိုင်ရန် ထိရောက်သော မဟာဗျူဟာများ ဆွေးနွေးဖော်ထုတ်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး၊ MGIMO တက္ကသိုလ်မှ နိုင်ငံတကာရေးရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာ စတနီစလပ် ဆူရိုဆပ်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ထို့နောက် မြန်မာကိုယ်စားလှယ် အဖွဲ့နှင့် ရုရှားကိုယ်စားလှယ်အဖွဲ့များက နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ သံတမန်ရေးရာကိစ္စရပ်များ၊ ပညာရေးနှင့် နည်းပညာ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကွန်ဖရင့်သို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) စစ်သံမှူးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုရှားနိုင်ငံ MGIMO တက္ကသိုလ်၊ နိုင်ငံတကာရေးရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာ စတနီစလပ် ဆူရိုဆပ်နှင့် တက္ကသိုလ်မှ တာဝန်ရှိသူများ၊ ASEAN Centre၊ Peoples' Friendship တက္ကသိုလ်၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း၊ Escape Tech LLC၊ Rosatom Technical Academy၊ ရုရှား-အာဆီယံစီးပွားရေးကောင်စီနှင့် ရုရှားဖက်ဒရယ်သုတေသနဌာနမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။ အဆိုပါကွန်ဖရင့်ကို မေ ၂၂ ရက်မှ ၂၉ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့နှင့် စိန့်ပီတာစဘတ်မြို့တို့တွင် ကျင်းပပြုလုပ်လျက်ရှိသည်။

ပြည်ထောင်စု ဝန်ကြီးသည် မေ ၂၅ ရက် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်သည့် မြန်မာ-စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖိုရမ်သို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါဖိုရမ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ဖိုရမ်က နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ အတွေးအမြင်များနှင့် အကြံဉာဏ်ကောင်းများကို ဖလှယ်နိုင်မည့် စင်္ကြံတစ်ခုဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံအကြား တိုက်ရိုက် လေကြောင်းလိုင်း ပြေးဆွဲရေးနှင့် ငွေကြေးသုံးစွဲမှုစနစ်ကိစ္စရပ် (၂) ခုသည် အရေးပါသော ကိစ္စရပ်များဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပါဝင်သော ဦးဆောင်ကော်မတီနှင့် လုပ်ငန်းအဖွဲ့အား ဖွဲ့စည်း၍ "Welcome Russia" အစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ ကနဦးအစီအစဉ်အဖြစ် ဝန်ကြီးဌာနနှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မေ ၁၁ ရက်နေ့မှ ၁၉ ရက်အထိ ရုရှားနိုင်ငံမှ တေးသံရှင်များ၊ ဗီဒီယိုရိုက်ကူး ထုတ်လုပ်သူများ၊ ဘလော့ဂါများ ပါဝင်သောအဖွဲ့၏ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်နိုင်ရေး စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကိုဗစ်-၁၉ မတိုင်မီ ၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည် ၄ ဒသမ ၃၆ သန်း ဝင်ရောက်ခဲ့ရာတွင် ရုရှားခရီးသွားဧည့်သည် အများအပြားလာရောက် လည်ပတ်ခဲ့သည့် သာဓကများရှိခဲ့ပါကြောင်း၊ ရုရှားခရီးသွားဧည့်သည်များ ပိုမိုလာရောက် လည်ပတ်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ နှစ်နိုင်ငံသံရုံးများ၊ ပုဂ္ဂလိကကဏ္ဍ အသင်းအဖွဲ့များ၏ အားပေးကူညီမှုများဖြင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား ခရီးသွားဧည့်သည်များ လွယ်ကူအဆင်ပြေစွာ အပြန်အလှန် သွားလာလည်ပတ်နိုင်ရေး၊ စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိလာရေးနှင့် နှစ်နိုင်ငံ ပြည်သူများအချင်းချင်း ကူးလူးယှက်နွယ်မှု တိုးမြှင့်ရေး ပိုမိုပူးပေါင်း ဆောင်ရွက်လိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွား မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်လျက်ရှိရာ ရုရှားနိုင်ငံမှ ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများ၊ မီဒီယာများနှင့် ကျော်ကြားသူများအား ချစ်ကြည်ရေး အလည်အပတ်ခရီးစဉ်များ ဖိတ်ခေါ်ဆောင်ရွက်လိုပါကြောင်း၊ ယနေ့ကျင်းပသည့် ခရီးသွားလုပ်ငန်းဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အစိုးရနှင့် ပုဂ္ဂလိကများအကြား ပိုမို ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ရုရှားခရီးသွား ဧည့်သည်များအား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရေးအတွက် ဖိတ်ခေါ်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဒုတိယအကြီးအကဲ မစ္စနာနာအမ်ဂါဗီချီရာက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဗီဒီယိုအားပြသ၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်က မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းမှ စီးပွားရေးဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာတန်နက်စ်ကူမာ(အန်)မာနီယန် က MAI မှ ပြေးဆွဲနေသောလေကြောင်းလိုင်းများနှင့် လေကြောင်းခရီးစဉ် အတွင်း လိုက်နာရမည့် စည်းမျဉ်းများကို ရှင်းလင်းတင်ပြပြီး နှစ်နိုင်ငံ ခရီးသွား လုပ်ငန်းရှင်များက ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန် အမြင်ချင်းဖလှယ်၍ ဆွေးနွေးကြသည်။ ဆက်လက်၍ စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဗီချယ်စလာ့ကဘ်ဂါနိုဗ့်က ဖိုရမ် ကျင်းပပြုလုပ်ခြင်းကြောင့် ရရှိသည့် အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားသည်။

အဆိုပါဖိုရမ်သို့ စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဒုတိယအကြီးအကဲ မစ္စနာနာအမ်ဂါဗီချီရာ၊ စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာဗီချယ်စလာ့ကဘ်ဂါနိုဗ့်နှင့် ရုရှားခရီးသွားကုမ္ပဏီများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ အထွေထွေအတွင်းရေးမှူးများ၊ Myanmar Airways International (MAI) မှ စီးပွားရေးဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာတန်နက်စ်ကူမာ(အန်) မာနီယန်တို့က အွန်လိုင်းမှ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပုဗ္ဗသီရိမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက် အင်္ဂလိပ်စာနှင့်ကွန်ပျူတာအခြေခံသင်တန်းဖွင့်

**ပုဗ္ဗသီရိ မေ ၂၆**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရွာတော်ကျေးရွာအုပ်စု အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ နွေရာသီကျောင်းပိတ်ရက် အင်္ဂလိပ်စာနှင့် ကွန်ပျူတာအခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနားကို မေ ၂၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပုဗ္ဗသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကြည်က နွေရာသီကျောင်းပိတ်ရက်တွင် အကျိုးရှိစေရေး သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ရွာတော်ကျေးရွာအုပ်စု၊ အမှတ်(၂၁)အခြေခံပညာအထက်တန်းကျောင်း ရွာသစ်ကျေးရွာနှင့် ရွာတော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၅၁ ဦး တက်ရောက်ပြီး အင်္ဂလိပ်စာနှင့် ကွန်ပျူတာအခြေခံဘာသာရပ်များကို မေ ၂၄ ရက်မှ မေ ၁၃ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ဇော်ဘီ**

## တနင်္သာရီမြို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်အဆင့် သုံးသပ်ဆွေးနွေး

**တနင်္သာရီ မေ ၂၆**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းများ သုံးသပ်ဆွေးနွေးပွဲကို မေ ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးမင်းအောင် က အမှာစကားပြောကြားကာ ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်သူဇာမိုးက မြစိမ်းရောင် ကျေးရွာစီမံကိန်းရွာ ၁၇ ရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ကျေးရွာ ၁၂ ရွာနှင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း အသေးစားဓာတ်အားပေးစနစ် (Solar Mini-grip) မီးလင်းရေးလုပ်ငန်းကျေးရွာ သုံးရွာတို့တွင် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားတက်ရောက်လာသူများက ဆွေးနွေးခဲ့ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## ပျဉ်းမနားမြို့နယ်၌ သန်းခေါင်စာရင်းယူနစ်များနှင့် စာရင်းကောက်ကွက်မြေပုံများ ဖွဲ့စည်းခြင်းလုပ်ငန်းဆောင်ရွက်

**ပျဉ်းမနား မေ ၂၆**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းတစ်ခုဖြစ်သည့် GIS နည်းပညာကိုအသုံးပြုပြီး သန်းခေါင်စာရင်းယူနစ်များ (Census Units) နှင့် စာရင်းကောက်ကွက် မြေပုံများဖွဲ့စည်းခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နေပြည်တော်ရုံးမှ ဒုတိယတိုင်းဦးစီးမှူး ဦးမောင်မောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်သန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း၏ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းတစ်ခုဖြစ်သည့် GIS နည်းပညာအသုံးပြု၍ ဆောင်ရွက်ခြင်းဖြင့် စာရင်းကောက်ကွက်မြေပုံများ လွယ်ကူစွာဖွဲ့စည်းခြင်းနှင့် သန်းခေါင်စာရင်း အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေစေခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း ပျဉ်းမနားမြို့နယ်ဦးစီးမှူး ဦးသန်းထွန်းအောင်ထံမှ သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် မေ ၂၆**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် အောက်ပါအဖွဲ့ နှစ်ဖွဲ့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည် -

(၁) ပြည်ထောင်စုတိုးတက်ဖွံ့ဖြိုးရေးပါတီ (Union Development Party)

(၂) ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ

ပါတီတည်ထောင်ခွင့်ရရှိသော ဖော်ပြပါအဖွဲ့နှစ်ဖွဲ့သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၃ ပါတီဖြစ်ကြောင်းနှင့် တည်ထောင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လျှပ်စစ်ဓာတ်အားပြတ်တောက်ချိန်များတွင် ရေဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်နေမှု ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး



**ရန်ကုန် မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ကော်မတီဝင်များနှင့်အတူ ယနေ့ နံနက် ၆ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် (၈) ရပ်ကွက် ဝေဇယန္တာလမ်းရှိ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ဂန္ဓမာထပ်ဆင့် ရေတွန်းစက်ရုံသို့ သွားရောက်၍ 176 kW ရေတွန်းစက်လေးလုံးနှင့် 880 kVA မီးစက်တပ်ဆင်မောင်းနှင်၍ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **(ယာပုံ)**

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် သဃ်္ဃန်းကျွန်းမြို့နယ် စုပေါင်းရပ်ကွက် ဝေဇယန္တာလမ်း သုဝဏ္ဏာရေတွန်းစက်ရုံသို့ သွားရောက်၍ 30 kW/ 40 HP ရေတွန်းစက် လေးလုံး၊ 25 HP ရေတွန်းစက် သုံးလုံးနှင့် 500 kVA မီးစက်တပ်ဆင်မောင်းနှင်၍ လုပ်ငန်းဆောင်ရွက်နေမှု၊ ဝေဇယန္တာလမ်းနှင့် သစ်ရာပင်လမ်းထောင့်သို့ သွားရောက်၍ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)မှ အရှည် ပေ၄၀၀၊ အကျယ် ၁၄ ပေ၊ အုတ်ရေမြောင်း တည်ဆောက်နေမှုနှင့် အုတ်ရေမြောင်းနှင့် ကားလမ်းအကြား ရေစုကန် တူးဖော်နေမှု ဒဂုံမြို့နယ် ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်သို့ သွားရောက်ကာ ကဆုန်လပြည့် ဗုဒ္ဓနေ့ကို ရည်မှတ်၍ ရွှေတိဂုံစေတီတော် မြတ်ကြီးအား သံဃာတော် ၁၁၁၁၁ ပါးတို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနား နှင့် ဆွမ်းဆန်တော် စုပေါင်းလောင်းလှူပွဲမင်္ဂလာ အခမ်းအနားကျင်းပရေး ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေး ခန်းမ(၄)၌ ကျင်းပသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များနှင့် ဌာနမှူးများ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁၁/၂၀၂၃) သို့တက်ရောက်၍ မေ ၂ ရက်တွင် ကျင်းပမည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ကိုရည်မှတ်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် ၁၁၁၁၁ ပါးတို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်တော် စုပေါင်းလောင်းလှူပွဲမင်္ဂလာအခမ်းအနား ကျင်းပရေးတွင် ဌာနအသီးသီးမှ ကျရာကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ



**နေပြည်တော် မေ ၂၆**

ကျောင်းသား ကျောင်းသူမျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်း လူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း (အငယ်တန်းအဆင့်)ဖွင့်ပွဲများကို မေ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ) က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူစုစုပေါင်း ၇၁ ဦး၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀ နှင့် စစ်တွေမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူစုစုပေါင်း ၆၁ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်စခန်း ၁၁ ခုမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းများကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ နှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်း ၁၇ ခု၌ စုစုပေါင်း သင်တန်းသား သင်တန်းသူ အင်အား ၆၈၀ ဖြင့် သက်ဆိုင်ရာနယ်မြေအသီးသီးအလိုက် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေတောင်မြို့၌ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း ဆောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ရွှေတောင် မေ ၂၆**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကြာနီကန်ရပ်ကွက် အ.ထ.က ကျောင်းဝင်းအတွင်းရှိ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့်အဖွဲ့သည် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

အဆိုပါ ကွင်းဆင်းစစ်ဆေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများက လိုက်ပါကွင်းဆင်းခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း ဖွင့်လှစ်မည့်အခြေအနေအား ဒေသတွင်းနှင့် အခြားမြို့နယ်မှ ကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်ရေး ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အသိပေးဆောင်ပေးမည့် အခြေအနေများ၊ လာမည့်ပညာသင်နှစ်တွင် သင်ကြားရေးအစီအစဉ်များအား မှာကြားပြီး စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**



# လူရည်ချွန်တွေက စံပြဖြစ်တဲ့အတွက် ကျောင်းသားကျောင်းသူတွေအားကျအတုယူပြီး အနာဂတ်နိုင်ငံ့သားကောင်းတွေ ပေါ်ထွန်းလာစေဖို့ဖြစ်

**နေပြည်တော် ဧပြီ ၂၆**

ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရန်၊ ပညာရေးလက်တွေ့ ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံအကျိုးပြု လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်းများ ပေါ်ပေါက်လာစေရန်၊ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများကို စံနမူနာပြု၍ ကျောင်းသားလူငယ်များ ပြုစုပျိုးထောင်ပေးရန် ဆိုသည့် ကောင်းမြတ်သည့် ရည်ရွယ်ချက်များဖြင့် လူရည်ချွန်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်စီမံကိန်းကို စာတော်ရုံသက်သက်မဟုတ်ဘဲ ကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာနှင့် စာရိတ္တပိုင်းဆိုင်ရာတို့တွင် ဘက်စုံထူးချွန်သူများကို ကျောင်းအဆင့်၊ မြို့နယ်၊ ခရိုင်အဆင့် အဆင့်ဆင့် စိစစ်ကာ မြန်မာ တစ်နိုင်ငံလုံးအတွက် Grade 9 လူရည်ချွန် ၁၆၀၊ Grade 10 လူရည်ချွန် ၁၆၀၊ Grade 11 လူရည်ချွန် ၁၅၈ ဦး စုစုပေါင်း လူရည်ချွန် ၄၇၈ ဦး ရွေးချယ်မွေးထုတ်ခဲ့ပြီး အဆိုပါလူရည်ချွန်များအား ဧပြီ ၂၆ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ နိုင်ငံတော်ဝန်ကြီးချုပ်က တွေ့ဆုံကာ သြဝါဒစကား မြွက်ကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသည့် လူရည်ချွန် ကျောင်းသား လူငယ်များ၊ အုပ်ချုပ်သူနည်းပြများ၊ ဆရာ၊ ဆရာမများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။


ဒေါ်ချိုချိုဝင်း


ဦးဝင်းမြင့်ဦး


ဦးဝင်းခိုင်


ဒေါ်သက်ရည်ဦး


မခြူးမြတ်စန္ဒီ


မသင်းသန္တာအောင်


မောင်ဝေယံမြင့်အောင်


မောင်အောင်ကောင်းပြည့်

**ဒေါ်ချိုချိုဝင်း**
**(ညွှန်ကြားရေးမှူး၊ ပညာဌာန-၁)**

ဒီနေ့ အခမ်းအနားက တစ်နိုင်ငံလုံးက ရွေးထုတ်လိုက်တဲ့ လူရည်ချွန် မောင်မယ်တွေကို နေပြည်တော်စုရပ်မှာ နိုင်ငံတော်အဆင့် အခမ်းအနားနဲ့ တွေ့ဆုံချီးမြှင့်တာဖြစ်တဲ့အတွက် ကလေးတွေအတွက် ဂုဏ်ယူသလို ဝန်ကြီးဌာနအနေနဲ့လည်း ဂုဏ်ယူဝမ်းသာပါတယ်။ လူရည်ချွန် ကျောင်းသား ကျောင်းသူတွေကို ဂုဏ်ပြုတဲ့အနေနဲ့ Grade 9 ဆိုရင် ပုဂံ လူရည်ချွန်စခန်း၊ Grade 10 က တောင်ကြီးလူရည်ချွန်စခန်းနဲ့ Grade 11 က ငွေဆောင် လူရည်ချွန်စခန်းကို သွားရောက်မှာဖြစ်ပါတယ်။

သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေက ဂုဏ်ပြုပွဲတွေ ကျင်းပပေးမှာ ဖြစ်ပါတယ်။ အချင်းချင်း လှုပ်ရှားဆောင်ရွက်ရမယ့်၊ စုပေါင်းဆောင်ရွက်ကြရမယ့် အစီအစဉ်တွေလည်း ရှိပါတယ်။ မီးပုံပွဲတွေ ကျင်းပမယ်။ ဂုဏ်ပြုပွဲ၊ ဖျော်ဖြေပွဲ အစီအစဉ်တွေလည်း ပါဝင်တယ်။ လူရည်ချွန်ကျောင်းသားဟောင်း တွေနဲ့ တွေ့ဆုံပြီး ဗဟုသုတတွေ ဖလှယ်မယ်။ ဒါအပြင် လူရည်ချွန်မောင်မယ်တွေရဲ့ အတွေ့အကြုံ ဖလှယ်တဲ့ ဆွေးနွေးပွဲတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ရည်ရွယ်ချက်က လူရည်ချွန်တွေသည် စံပြဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူတွေက အားကျအတုယူပြီး အနာဂတ်နိုင်ငံ့သားကောင်းတွေ ပေါ်ထွန်းလာစေဖို့ဖြစ်ပါတယ်။ လက်ရှိလူရည်ချွန်တွေကလည်း ထပ်မံကြိုးစားဖို့အတွက် စိတ်ခွန်အားတွေ ရရှိစေမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် နိုင်ငံ့ခေါင်းဆောင်ကောင်းတွေ ပေါ်ထွန်းလာဖို့ အခြေခံအုတ်မြစ် တစ်ခုပဲဖြစ်ပါတယ်။ ဒီလိုအစီအစဉ်ကိုအကောင်အထည်ဖော်ပေးတဲ့ နိုင်ငံတော်အစိုးရနဲ့ ပညာရေးဝန်ကြီးဌာနကို အထူး ကျေးဇူးတင်ပါတယ်။ ဝိုင်းဝန်းပံ့ပိုးပေးတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေနဲ့ ဆက်စပ်ဝန်ကြီးဌာနတွေ၊ အထူးသဖြင့် လူရည်ချွန်ကို မွေးထုတ်လေ့ကျင့်ပေးလိုက်တဲ့ ဆရာ၊ ဆရာမနဲ့ မိဘတွေကိုလည်း ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**ဦးဝင်းမြင့်ဦး (ကျောင်းအုပ်ကြီး၊ အထက-၅၊ နေပြည်တော်)**

လူရည်ချွန်မောင်မယ်တွေကို ဂုဏ်ပြုချီးမြှင့်တဲ့ သြဝါဒခံယူတဲ့ပွဲဖြစ်တဲ့အတွက် ဝမ်းသာကြည်နူးမှုဖြစ်ရပါတယ်။ ကျွန်တော်တို့ကျောင်းက လူရည်ချွန်မှန်းထားတဲ့ကလေးတွေကို အတန်းအလိုက် နှစ်စကတည်းက ကိုယ်ကာယကြံ့ခိုင်မှုကို လေ့ကျင့်ပေးပါတယ်။ စာကိုလည်း သူ့ဘာသာရပ်အလိုက် ဆရာ၊ ဆရာမတွေက သီးသန့်ခွဲထုတ်ပြီး နေ့စဉ်နေ့တိုင်း လေ့ကျင့် သင်ကြားပေးပါတယ်။ လူရည်ချွန်တွေသည် နိုင်ငံအတွက် တစ်ထောင့်တစ်နေရာက အားကိုးအားထားပြုနိုင်မယ့် သူတွေဖြစ်မယ်။ အခုလို လူရည်ချွန်တွေကို မွေးထုတ် ပေးလိုက်တာသည် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ပေးနိုင်မယ့်သူတွေကို ပျိုးထောင်ပေးခြင်းဖြစ်ပါတယ်။ ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုသလို ဒီကလေးတွေသည် နိုင်ငံ့တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ကြမယ့်သူတွေ ဖြစ်လာမှာပါ။ ပညာခေတ်ဖြစ်တဲ့အတွက် ပညာတတ်ထားရင် အခြား နိုင်ငံတွေနဲ့ ရင်ပေါင်းတန်းနိုင်မယ်။ ဒါကြောင့် လူငယ်တွေ၊ သားသမီးတွေကို ပြောချင်တာက ပညာကို ဆုံးခန်းတိုင်အောင်၊ တတ်အောင်သင်ကြပါ။ မိမိဝါသနာပါရာကို ကြိုးစားဆောင်ရွက်ကြပါလို့ ပြောချင်ပါတယ်။

**ဦးဝင်းခိုင် (ကျောင်းအုပ်ကြီး၊ အထက-၆၊ နေပြည်တော်)**

နိုင်ငံတစ်နိုင်ငံ ကောင်းဖို့က လူငယ်တွေ ကောင်းဖို့လိုပါတယ်။ လူရည်ချွန်တွေက လူငယ်တွေဖြစ်ပါတယ်။ လူငယ်တွေကို ကျွန်တော်တို့ လူတော်တွေဖြစ်အောင် မွေးထုတ်ပြီးပြီ။ လူကောင်းတွေဖြစ်အောင် သွန်သင်လိုက်ပြီးပြီ။ လူတော်လူကောင်းဖြစ်နေရင် သူတို့လူကြီးတွေ ဖြစ်လာတဲ့အခါ သေချာပေါက် လူကောင်းလူကြီးတွေဖြစ်မှာပါပဲ။ လူရည်ချွန်ရွေးတာကို ကလေးတွေလည်း စိတ်ဝင်စားပါတယ်။ ကျောင်းတိုင်းမှာ ကလေးတိုင်းက လူရည်ချွန်ဖြစ်ချင်တဲ့ ဆန္ဒရှိကြပါတယ်။ လူတော် လူကောင်းတွေဖြစ်အောင်ကြိုးစားနေတဲ့ကလေးတွေ အများကြီးရှိလာတယ်လို့ ပြောလို့ရပါတယ်။ အခြေခံပညာမှာ လူငယ်ကလေးတွေမှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေကို စစ်ထုတ်ပြီး ရွေးချယ်လာတာဖြစ်တဲ့အတွက် ဒီလိုတော်တဲ့ကလေးတွေကို နိုင်ငံတော်အကြီးအကဲက ဂုဏ်ပြုတာကို ဂုဏ်ယူပါတယ်။ နောင်လည်း ဒီလိုလူရည်ချွန်လူငယ်တွေ မွေးထုတ်နိုင်မယ်ဆိုရင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မယ့်လူကြီးတွေဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။

**ဒေါ်သက်ရည်ဦး**
**(အထက-၁၊ ထားဝယ်၊ ပုဂံလူရည်ချွန်စခန်း အဖွဲ့ ၅ အုပ်ချုပ်သူ)**

နိုင်ငံရဲ့အနာဂတ် သားကောင်းရတနာလူငယ်တွေကို ပျိုးထောင်တဲ့ လူရည်ချွန်စခန်းမှာ ကြီးကြပ်လိုက်ပါရမှာ ဖြစ်တဲ့အတွက် ဂုဏ်ယူပါတယ်။ နိုင်ငံတော်အတွက် အားထားရမယ့်လူကောင်းလူမွန်တွေ ဖြစ်လာဖို့အတွက် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လူတော်ဖြစ်တိုင်း လူကောင်းမဖြစ်ပါဘူး။ အခုခေတ်က IQ ၊ EQ နဲ့ အသိဉာဏ်ပညာတွေ ပိုမိုတိုးတက်ဖို့ လိုအပ်လာတဲ့အတွက် လူရည်ချွန်အခန်းကဏ္ဍက ပိုပြီးအရေးကြီးလာတယ်လို့ မြင်ပါတယ်။ တိုင်းပြည်အတွက် အားကိုးရမယ့် လူရည်ချွန်မောင်မယ်တွေ များစွာပေါ်ပေါက်လာပါစေလို့ ဆန္ဒပြုပါတယ်။

**မခြူးမြတ်စန္ဒီ**
**(အထက-၅၊ နေပြည်တော်၊ နှစ်ထပ်ကွမ်း လူရည်ချွန်)**

ဒီနေ့ အခမ်းအနားမှာ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှုတွေကို လိုက်နာမှတ်သားပြီး အနာဂတ်ဘဝ တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ငွေဆောင် လူရည်ချွန်စခန်းကို လေ့လာရေးသွားရမှာဖြစ်ပြီး လူရည်ချွန်မောင်မယ်အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်မှုတွေ တိုးတက်လာမယ်လို့ထင်ပါတယ်။ ဒေသန္တရဗဟုသုတွေကို လေ့လာမှတ်သားပြီး ချစ်ဖွယ်ကောင်းတဲ့ တိုင်းရင်းသား ဒေသခံတွေရဲ့ ဘဝတွေကို လေ့လာမှတ်သားမယ်။ ဗဟုသုတတွေ များစွာရရှိမယ်လို့ မျှော်လင့်ပါတယ်။ မောင်လေး၊ ညီမလေးတွေကို ပြောချင်တာက ဘဝမှာကြိုးစားပါ။ အခက်အခဲတွေက အမြဲရှိနေမှာပါ။ ကျရှုံးလည်း လက်မလျှော့ဘဲ ဇွဲရှိရှိနဲ့ ထပ်ပြီးကြိုးစားပါလို့ ပြောချင်ပါတယ်။ လူရည်ချွန်ဖြစ်မှ တော်တာမဟုတ်ပါဘူး။ ဘဝမှာ တိုးတက်ရာလမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းပြီး အကောင်းဆုံးကြိုးစားကြပါလို့ ပြောချင်ပါတယ်။

**မသင်းသန္တာအောင်**
**(အထက-၁၊ ဟုမ္မလင်း၊ နှစ်ထပ်ကွမ်း လူရည်ချွန်)**

လူရည်ချွန်စီမံကိန်းရှိတယ်လို့ ကြားတဲ့အတွက် ရည်မှန်းချက်ထားပြီး ကြိုးစားခဲ့ပါတယ်။ သမီးတို့ ငယ်ငယ်က ကျောင်းမှာ သုံးထပ်ကွမ်း လူရည်ချွန်တွေ ထွက်ပေါ်ခဲ့တယ်။ အဲဒီကတည်းက သူတို့လို လူရည်ချွန်ဖြစ်ချင်တဲ့ စိတ်နဲ့ ကြိုးစားခဲ့တယ်။ တစ်နိုင်ငံလုံးက လူရည်ချွန်တွေနဲ့ အခုလို ဆုံတွေ့ရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ လူရည်ချွန်ဖြစ်ရတာ ဂုဏ်ယူစရာပါ။ ကျောင်းသားဘဝမှာ မှတ်တိုင်တစ်ခု စိုက်ထူလိုက်နိုင်တယ်လို့ ထင်ပါတယ်။ လူရည်ချွန် ရွေးတာက စာပေတစ်ခုတည်း ထူးချွန်လို့မရပါဘူး။ အားကစား၊ လူမှုပေါင်းသင်း ဆက်ဆံရေး၊ အကျင့်စာရိတ္တ ဘက်ပေါင်းစုံလိုအပ်ပါတယ်။ သမီးက အင်္ဂလိပ်စာကို စိတ်ဝင်စားတော့ အင်္ဂလိပ်ဆရာမ ဖြစ်ချင်ပါတယ်။ လူရည်ချွန် စီမံကိန်း နှစ်တွေအကြာကြီးရှိပြီး လူရည်ချွန်မောင်မယ်အသစ်တွေ အများကြီး မွေးထုတ်ပေးနိုင်ဖို့ မျှော်လင့်ပါတယ်။

**မောင်ဝေယံမြင့်အောင်**
**(အထက-၆၊ နေပြည်တော်)**

လူရည်ချွန်ဝင်ပြိုင်ဖို့ ကျောင်းက ဆရာ၊ ဆရာမတွေ သင်ကြားတဲ့ သင်ခန်းစာတွေကို သေချာလေ့လာသင်ယူမှတ်သားပါတယ်။ သင်ခန်းစာကို တစ်နေ့စာတစ်နေ့ ပြီးပြတ်အောင် လေ့လာပါတယ်။ ဒါ့အပြင် ကျောင်းပိတ်ရက်မှာ တစ်ပတ်လုံးသင်ထားတဲ့ စာတွေကို ပြန်လေ့လာတယ်။ ဗဟုသုတတွေကိုလည်း လက်လှမ်းမီသလောက် သတင်းစာတွေ၊ စာအုပ်တွေကို စုဆောင်းပြီး လေ့လာမှတ်သားပါတယ်။ ကျန်းမာရေးက အရေးကြီးတဲ့အတွက် အားကစားကိုတော့ နေ့စဉ်ပုံမှန်လုပ်ဆောင်ပါတယ်။ အနာဂတ် မျှော်မှန်းချက်အနေနဲ့ နိုင်ငံအတွက် ရင်သွေးလေးတွေကို မွေးထုတ်ပေးတဲ့ ကလေးအထူးကုဆရာဝန်တစ်ယောက် ဖြစ်ချင်ပါတယ်။ လူရည်ချွန် မောင်မယ်တွေကို အခုလို ထိုက်ထိုက်တန်တန် ဂုဏ်ပြုပေးတဲ့အတွက် နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**မောင်အောင်ကောင်းပြည့်**
**လေ့ကျင့်ရေး အထက်တန်းကျောင်း (ကမာရွတ်)**

လူရည်ချွန်တွေကို အသိမှတ်ပြုတဲ့ ဒီလိုအခမ်းအနားတွေ ကျင်းပပေးတဲ့အတွက် ဂုဏ်ယူပါတယ်။ လူရည်ချွန်သူငယ်ချင်းတွေနဲ့လည်း တွေ့ဆုံရတဲ့အတွက် အတွေ့အကြုံတွေနဲ့ ဗဟုသုတတွေကို မျှဝေခွင့်ရပြီး ရရှိလာတဲ့ ဗဟုသုတတွေကို ကျောင်းကို ပြန်ရောက်တဲ့အခါ သူငယ်ချင်းတွေကို ပြန်လည်မျှဝေသွားမှာဖြစ်ပါတယ်။ လူရည်ချွန်တစ်ယောက်ဆိုတာ ကိုယ့်အတွက် တစ်ခုတည်းမဟုတ်ဘဲ မိဘနဲ့ ကျောင်းရဲ့ ဂုဏ်ဆောင်တဲ့သူတွေ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေရဲ့ ရှေ့ဆောင်လမ်းပြလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသား၊ ကျောင်းသူ၊ ညီလေး၊ ညီမလေးတွေကို လူရည်ချွန် တစ်ယောက်ဖြစ်အောင် ကြိုးစားကြပါလို့ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း-ဝင်းသန့်လော**
**ဓာတ်ပုံ-အေးအေးတီ**

# နိုင်ငံတော်၏ ဂုဏ်ဒြပ်နှင့် အမျိုးသားရေးတာဝန်အား ဦးထိပ်ပန်ဆင် ပြိုင်ပွဲဝင်ကြမည့် အားကစားမောင်မယ်များအားလုံး ကြိုးပမ်းစွမ်းဆောင် အောင်မြင်ကြပါစေ

ကိုဌေး(ကနောင်)



(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်းခြင်း အခမ်းအနား ကျင်းပစဉ်။

### ပြိုင်ပွဲဝင်ရန် အသင့်ဖြစ်နေကြပြီ

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ်၊ မေ ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပတော့မည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် အားကစားသမား မောင်မယ်များအားလုံး ပြိုင်ပွဲရက်နီးကပ်လာသည်နှင့်အမျှ ပြိုင်ပွဲဝင်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာ အသင့်၊ စိတ်ပိုင်းဆိုင်ရာ အသင့်၊ အာကစားနည်းပညာပိုင်းဆိုင်ရာ အသင့်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ အသင့်၊ အစစအရာရာအသင့် ဖြစ်နေကြပြီဖြစ်သည်။ ပြိုင်ပွဲကျင်းပရန်လည်း ရက်ပိုင်းသာ လိုပါတော့သည်။

### ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများ

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် ၂၀၂၂ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်၍ အားကစားသမားအားလုံး နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းနှင့် ရန်ကုန်မြို့ရှိ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်အသီးသီးတွင် ၁၀ လခန့် ကြိုတင်ပြင်ဆင်စခန်းသွင်းလေ့ကျင့်ခဲ့ကြပြီး ဖြစ်သည်။ ပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက်လည်း ဘော်လီဘော၊ ဝူရှူး၊ ပြေးခုန်ပစ်၊ လက်ဝှေ့အားကစားအဖွဲ့များမှ အားကစားသမား စုစုပေါင်း ၁၀၁ ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သုံးလကြာ စေလွှတ်၍ ပူးတွဲလေ့ကျင့်မှုများ ဆောင်ရွက်စေခဲ့သည်။

ထို့ပြင် နိုင်ငံတကာက အဆင့်မီနည်းပြများ ငှားရမ်းလေ့ကျင့်မှုအနေဖြင့်လည်း တိုက်ကွမ်ဒိုအားကစားနည်းအတွက် ကိုရီးယားနိုင်ငံသားနည်းပြတစ်ဦး၊ ဂျူဒိုအားကစားနည်းအတွက် ဂျပန်နိုင်ငံသား နည်းပြတစ်ဦး၊ အားနစ်အားကစားနည်းအတွက် ဖိလစ်ပိုင်နိုင်ငံသား နည်းပြတစ်ဦး၊ KUN Bokator အားကစားနည်းအတွက် ကမ္ဘောဒီးယားနိုင်ငံသား နည်းပြတစ်ဦးတို့ကို ငှားရမ်းလေ့ကျင့်စေခဲ့သည်။ စခန်းသွင်းလေ့ကျင့်နေစဉ် ကာလအတွင်း နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရရှိစေရေးအတွက်လည်း ဘိလိယက်နှင့် စနူကာအားကစားသမားများအား မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ဒိုဟာနိုင်ငံတို့သို့ ပြိုင်ပွဲသုံးကြိမ်၊ ပီတန်း၊ လေ့လှော်၊ ပြေးခုန်ပစ်၊ တိုက်ကွမ်ဒိုအားကစားသမားများအား ထိုင်းနိုင်ငံသို့ ပြိုင်ပွဲတစ်ကြိမ်စီ၊ တင်းနစ်အားကစားသမားများအား သီရိလင်္ကာနိုင်ငံသို့ ပြိုင်ပွဲတစ်ကြိမ် စေလွှတ်ယှဉ်ပြိုင်စေခဲ့သည်။

### တာဝန်ရှိသူများက မပြတ်ကြည့်ရှုစစ်ဆေး အားပေးဆောင်ရွက်

ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်နေစဉ်ကာလအတွင်း အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အားကစားနည်းအလိုက် လေ့ကျင့်မှုကြပ်မတ်စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များအပါအဝင် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ အဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ ကိုယ်တိုင်မကြာခဏ သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားခြင်း၊ လိုအပ်ချက်မှန်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။ ပြိုင်ပွဲဝင်အားကစားသမားများ အားလုံးအနေဖြင့်လည်း ပြိုင်ပွဲဝင်ရန် အသင့်ဖြစ်နေကြပြီဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး စိတ်အားထက်သန်လျက်ရှိနေကြပြီဖြစ်သည်။

### သွားရောက်ကြမည့်အင်အား

ယခုအခါ ပြိုင်ပွဲသို့ အားကစားနည်း ၁၉ နည်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားနည်းအလိုက် အုပ်ချုပ်/နည်းပြ/ အားကစားသမား ၄၄၅ ဦး၊ အုပ်ချုပ်မှုအဖွဲ့ ၅၆ ဦး စုစုပေါင်း ၅၀၁ ဦးဖြင့် သွားရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားရှိပြီးလည်း ဖြစ်သည်။

### အောင်နိုင်ရေးအလံ အပ်နှင်းခြင်း

ဧပြီ ၂၅ ရက်တွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပပြုလုပ်ခဲ့သည့် အောင်နိုင်ရေးအလံအပ်နှင်းပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် တက်ရောက်အမှာစကားပြောကြားပြီး အောင်နိုင်ရေးအလံကို နိုင်ငံတော်အကြီးအကဲက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံထံ ပေးအပ်ခဲ့သည်။

### နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ

နိုင်ငံတော်အကြီးအကဲက **"(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ကို ယခု အပ်နှင်းလိုက်မည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အလံတော်သည် အားကစားအဖွဲ့အတွက် ဂုဏ်ဒြပ်ရော အမျိုးသားရေး တာဝန်ကိုပါ နိုင်ငံတော်၏ ကိုယ်စားပြုနေသည်ဆိုသည့် ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏ အောင်လံ တလူလူ လွင့်ပျံနေစေရေး ရေကုန်ရေခန်းအစွမ်းကုန်ကြိုးပမ်း ယှဉ်ပြိုင်သွားကြရန်"** တိုက်တွန်းပြောကြားခဲ့သည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတော်အကြီးအကဲက " နိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများအားလုံးကလည်း အားကစားမောင်မယ်များ၏ ဇွဲ၊ စိတ်ဓာတ်အပြည့်နှင့် **'ပွဲမဝင်ခင် အပြင်က ကျင်းပ'** ဆိုသည့်အတိုင်း ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်နေမှုများကို တွေ့မြင်သိရှိကြပြီးဖြစ်ကြောင်း၊ **'လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲခံ'** ဆိုသည့်အတိုင်း လေ့ကျင့်သားပြည့်ဝပြီး ယုံကြည်မှုခိုင်မာစွာဖြစ်အောင် စိတ်တံခွန်များ တလူလူလွင့်ပျံနေကြပြီဟုလည်း ယုံကြည်ထားပါကြောင်း၊ ယခုပြိုင်ပွဲကြီးသည် အားကစားမောင်မယ်များအဖို့ နိုင်ငံတော်အတွက် အားကစားလူချွန် လူကောင်းများဖြစ်ကြောင်း ပြသနိုင်မည့် အခွင့်အလမ်းကောင်းကြီးတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ ယခု (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် ယခင်ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အကြိမ်များကထက် ဆုတံဆိပ်များ ပိုမိုရရှိအောင် စွမ်းဆောင်ပေးနိုင်ကြမည်ဆိုပါက မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းအား ပိုမိုပြောင်းလဲမှတ်တမ်းတင်နိုင်ကြမည်ဖြစ်ပါကြောင်း။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် အာဆီယံတွင် အမြင့်မားဆုံးသော အိုလံပစ်ပြိုင်ပွဲတစ်ခုဖြစ်ပြီး ယခုပြိုင်ပွဲမှာပင် ကျေနပ်မနေဘဲ အာရှအိုလံပစ်နှင့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်အထိ မျှော်မှန်းကြိုးစားသွားကြစေလိုကြောင်း၊ အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုကို ဖော်ထုတ်ပြသနိုင်ပြီး အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသည့် စွမ်းရည်ယှဉ်ပြိုင်မှုမျိုးဖြစ်ကြောင်း၊ အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် ယခုကဲ့သို့ နိုင်ငံတကာ အားကစားပြိုင်ပွဲတစ်ရပ်ကို နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရခြင်းသည် ထူးခြားသည့်ဂုဏ်ဒြပ်နှင့် အခွင့်အလမ်းဖြစ်သည်ကို အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများအားလုံး သတိချပ်ကြစေလိုကြောင်း။

ထို့ပြင် အမိမြန်မာနိုင်ငံတော်နှင့် မြန်မာလူမျိုး၏ ဂုဏ်သိက္ခာနှင့် ပတ်သက်ဆက်နွယ်နေသည့်အတွက် ပြိုင်ပွဲတိုင်းအနိုင်ရရှိရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစားအဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင်ရှိနေသည်ကို သတိပြု နှလုံးသွင်းထားကြရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတိုင်းတွင် နိုင်ငံကြီးသားစိတ်ဓာတ်နှင့် တရားမျှတသန့်ရှင်းစွာ ယှဉ်ပြိုင်ပြီး အရှေ့တောင်အာရှဒေသ ညီနောင်နိုင်ငံများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ပေးနိုင်သည့် အားကစားချစ်ကြည်ရေး သံတမန်ကောင်းတာဝန်များကို ကျေပွန်ခဲ့ကြရန်" မှာကြားသွားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လေးနက်သည့် မှာကြားချက်များအပေါ် မြန်မာအားကစား အဖွဲ့များအနေဖြင့် အလေးထား လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်သည်။

### နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများအရေး အလေးထားဆောင်ရွက်ပေးလျက်ရှိ

လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရလက်ထက်တွင် နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံမှ

*စာမျက်နှာ ၁၃ သို့*

*** နိုင်ငံတော်အကြီးအကဲက "(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ကို ယခု အပ်နှင်းလိုက်မည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အလံတော်သည် အားကစားအဖွဲ့အတွက် ဂုဏ်ဒြပ်ရော အမျိုးသားရေး တာဝန်ကိုပါ နိုင်ငံတော်၏ ကိုယ်စားပြုနေသည်ဆိုသည့် ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏ အောင်လံ တလူလူ လွင့်ပျံနေစေရေး ရေကုန်ရေခန်းအစွမ်းကုန်ကြိုးပမ်း ယှဉ်ပြိုင်သွားကြရန်" တိုက်တွန်းပြောကြား**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သော ကန်တော်တံတားဖွင့်ပွဲ တက်ရောက်




**စလင်း ဧပြီ ၂၆**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ ကန်တော်ကျေးရွာအုပ်စု ကန်တော်ကျေးရွာအနီးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့အမှတ်(၅)မှ တာဝန်ယူ တည်ဆောက်သည့် ကန်တော်တံတားဖွင့်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး လင်းထွဋ်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် မြို့ပြဦးကျော်မျိုးထွန်းနှင့် တိုင်း/ခရိုင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းနိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဧပြီ ၂၅ ရက်က တံတားဖွင့်ပွဲကို တက်ရောက်ကြောင်း သိရသည်။

ကန်တော်တံတားဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် (မြို့ပြ) က တံတားတည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ကန်တော်တံတားမှခ်ဦးရှေ့၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးတို့ တက်ရောက်ကာ ကန်တော်ချောင်းတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တံတားမှခ်ဦးရှေ့တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း/ခရိုင်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကန်တော်တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီး ဝန်ကြီးများ၊ အင်ဂျင်နီယာချုပ်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး ကန်တော်တံတားကို လှည့်လည်ကြည့်ရှုသည်။ **မြို့နယ်(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၂၆**
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အနောက်စျေးရပ်နေ သန့်ဇင်သည် ၎င်းအသုံးပြုသည့် “Thant Zin” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ ချစ်မြတ်ဖြိုးစု(ခ)ချစ်ကွိသည် ၎င်းအသုံးပြုသည့် “Chit Myat Phyo Su” Facebook အကောင့်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မြေနီကုန်းရပ်ကွက် မဟာမြိုင်(၉)လမ်းနေ စိမ့်သဉ္ဇာကြည်သည် ၎င်းအသုံးပြုသည့် “Saint Thinzar Kyi” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀) ရပ်ကွက် အမှတ်(၉၀၄/ခ)နေ ခင်နှင်းအေးနှင့် အောင်သူရပိုင်တို့သည် ၎င်းတို့အသုံးပြုသည့် “Khin Hin Aye” Facebook အကောင့်နှင့် “Aung Thuya Paing” Facebook အကောင့်၊ ရန်ကင်းမြို့နယ် အမှတ်(၅) ရပ်ကွက်နေ သန်းထွဋ်စိုးသည် ၎င်းအသုံးပြုသည့် “Than Htut Soe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၂ မှ*
အားထုတ်ကြိုးပမ်းလျက်ရှိရာတွင် အားကစားကဏ္ဍကိုလည်း တစ်ခန်းတစ်ကဏ္ဍထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ခေတ်အဆက်ဆက် အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခဲ့သူများနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များရယူပေးနိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုလည်း အသက် ၆၀ ပြည့်မြောက်သည့် အချိန်မှစ၍ (နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာကဲ့သို့) သက်ရှိထင်ရှားရှိနေသမျှ ကာလပတ်လုံး လစဉ်ချီးမြှင့် ထောက်ပံ့ငွေများ ချီးမြှင့်ပေးလျက်ရှိသည်။ နိုင်ငံတော်က လစဉ်ချီးမြှင့် ထောက်ပံ့ငွေ ပေးအပ်မှုအခြေအနေအား ဖော်ပြရလျှင် အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်တစ်ခု ရယူပေးနိုင်ပါက လစဉ်ချီးမြှင့်ငွေကျပ် ၂၀၀၀၀၀၊ ငွေတံဆိပ်တစ်ခု ရယူပေးနိုင်ပါက လစဉ်ချီးမြှင့်ငွေကျပ် ၁၅၀၀၀၀၊ ကြေးတံဆိပ်တစ်ခု ရယူပေးနိုင်ပါက လစဉ်ချီးမြှင့်ငွေကျပ် ၁၀၀၀၀၀ ချီးမြှင့်ပေးအပ်လျက်ရှိပြီး၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၀ ခု အထက် ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် ၁၅၀၀၀၀၊ ရွှေတံဆိပ်ငါးခုမှ ကိုးခုအထိ ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် ၁၀၀၀၀၀၊ ရွှေတံဆိပ်တစ်ခုမှ လေးခုအထိ ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် ၇၀၀၀၀၊ ငွေတံဆိပ်တစ်ခု ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် ၅၀၀၀၀၊ ကြေးတံဆိပ်တစ်ခုရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် ၃၀၀၀၀ အား ပေးအပ်ချီးမြှင့်လျက်ရှိသည်။ ယနေ့အထိ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီး ၂၃၀ အား လစဉ် ၁၅၅၁၀၀၀၀ (ကျပ်တစ်ရာ့ငါးဆယ် ငါးသိန်းတစ်သောင်းတိတိ) အား ပံ့မှန်ထောက်ပံ့ပေးအပ်လျက်ရှိသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင်လည်း နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအနက်မှ ဝဏ္ဏကျော်ထင်ဘွဲ့ ၂၁ ဦး၊ လူမှုထူးချွန် ပထမအဆင့် ၃၆ ဦး၊ လူမှုထူးချွန် ဒုတိယအဆင့် ၃၉ ဦး၊ လူမှုထူးချွန် တတိယအဆင့် ၆၉ ဦးအား ပေးအပ်ချီးမြှင့်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် (၇၇) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင်လည်း အာရှအားကစားပြိုင်ပွဲ၌ ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား ၁၂ ဦးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ငါးခုအထက် ရရှိခဲ့ကြသူ အားကစားသမားများအနက်မှ ၂၄ ဦးကို **“လူမှုထူးချွန် ပထမအဆင့်”** ပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်သည်။

**အလားတူ အခွင့်အရေး ရရှိကြမည်**

နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများကို နိုင်ငံတော်က အားပေးချီးမြှင့်ထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိသည့်နည်းတူ ယခုပြိုင်ပွဲတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များ ရယူပေးကြမည့် အားကစားသမားမောင်မယ်များ အနေဖြင့်လည်း အလားတူအခွင့်အရေးများ ရရှိလာကြမည်ဖြစ်သည်။

**အောင်မြင်မှုရယူပေးမည့် အားကစားမောင်မယ်များအား ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်မည်**

နိုင်ငံတော်အကြီးအကဲက အောင်နိုင်ရေးအလံအပ်နှင်းပွဲအခမ်းအနားတွင် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ နိုင်ငံ့ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားမောင်မယ်များအနက် အောင်မြင်မှုရရှိခဲ့သူများအား နိုင်ငံတော်အနေဖြင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်။ သို့ဖြစ်၍ ပြိုင်ပွဲဝင်အားကစားသမားမောင်မယ်များအနေဖြင့် နိုင်ငံတော်၏ အောင်လံတလူလူ လွင့်ပျံစေရေးတာဝန်ကို အစွမ်းကုန်ကြိုးပမ်းကြရန်သာ လိုအပ်ပါတော့ကြောင်း ရေးသားတိုက်တွန်း အားပေးလိုက်ရပါသည်။

**အမျိုးသားရေးတာဝန်အား ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြရန်**

နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အမိမြန်မာနိုင်ငံတော်၏ အလံတော်အား လွှင့်ထူပြီး ပြိုင်ဘက်နိုင်ငံများက ဦးညွှတ်အလေးပြုကြရသည့် မြင်ကွင်းမျိုးကို နိုင်ငံသားတိုင်းက လိုလားကြသည်ဖြစ်ရာ ပြိုင်ပွဲဝင်အားကစားသမားများ အားလုံးက နိုင်ငံသားပြည်သူတစ်ရပ်လုံး၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မည်ဟုလည်း ယုံကြည်မျှော်လင့်မိပါသည်။

သို့ဖြစ်၍ မြန်မာအားကစား အဖွဲ့ဝင်များအားလုံး **“နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်နိုင်ရေးဟူသည့် အမျိုးသားရေး သန္နိဋ္ဌာန်”၊ “တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်”၊ “လျှော့ခက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်”** တို့ဖြင့် ကြိုးစားယှဉ်ပြိုင်သွားကြရမည်ဖြစ်သည်။

အနှစ်ချုပ်ဆိုရသော် ပြိုင်ပွဲဝင် အားကစားသမားမောင်မယ်များအားလုံး အနိုင်မခံ အရှုံးမပေးသည့် ကြံ့ခိုင်သည့် စိတ်ဓာတ်၊ မလျှော့သောဇွဲ၊ လုံ့လတို့ဖြင့် ရင်ဆိုင်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ကာ နိုင်ငံတော်၏ ဂုဏ်ဒြပ်နှင့် အမျိုးသားရေးတာဝန်အား ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြရန် တိုက်တွန်းအပ်ပါကြောင်း…။ ။

# မြဝတီကုန်သွယ်ရေးဇုန်တွင် ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိ



မြဝတီကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် ဧပြီ ၂၃ ရက်မှ ဧပြီ ၂၄ ရက်အထိ လယ်ယာထွက်ကုန်ပစ္စည်းများ နှင့် CMP ပစ္စည်းများ တင်ပို့ခဲ့သည်။

ပို့ကုန်တင်ပို့မှုအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော ပီလောပီနံ၊ ကြက်သွန်နီ၊ ငရုတ်၊ ကွမ်းသီးခြောက်နှင့် ပြောင်းတို့ဖြစ်ပြီး ရေထွက်ကုန်ပစ္စည်းများမှာ ဂုံး၊ ခရု၊ ငါးတီး၊ ပုစွန်၊ ငါးသလောက်၊ ကုလားကုတ်၊ ငါးခွေးလျှာ၊ ငါးစားလွယ်နှင့် ငါးမြစ်ချင်းစီဖောင်းခြောက်တို့ ဖြစ်သည်။ CMP တင်ပို့မှုမှ အမျိုးသား/ အမျိုးသမီးဝတ် အထည်အလိပ်များ တင်ပို့လျက်ရှိသည်။

ယခုအခါ ထိုင်းနိုင်ငံမှ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ခြင်းကြောင့် စားသောက်ကုန်လုပ်ငန်းများ တွင်ကျယ်စွာဆောင်ရွက်လာခြင်းနှင့် စားသောက်ဆိုင်များတွင် အသုံးပြုရန် လိုအပ်ချက်ကြောင့် ဝယ်လိုအားမြင့်တက်နေ၍ ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီနှင့် ငရုတ်များကို အမြန်တင်ပို့နိုင်ရေးအတွက် ကုန်သွယ်ရေးဇုန်မှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် တိရစ္ဆာန်အစာ၊ စက်ဘီး၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ငါးဖမ်းကိရိယာ၊ စားသောက်ကုန်၊ ဖိနပ်နှင့် ဖိနပ်ကုန်ကြမ်းပစ္စည်း၊ သစ်သီး၊ အထည်အလိပ်၊ အိမ်သုံးပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ အိမ်သုတ်ဆေး၊ စက်နှင့် စက်ပစ္စည်းကိရိယာများ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းနှင့် ကုန်ကြမ်းပစ္စည်းများ တင်သွင်းလျက်ရှိသည်။

ငွေလဲနှုန်းအနေဖြင့် ယခင်အပတ်က တစ်ဘတ်လျှင် ၈၂ ဒသမ ၈၅ ကျပ်သာရှိခဲ့ပြီး ယခုအပတ်တွင် တစ်ဘတ်လျှင် ၈၂ ဒသမ ၉၈ ကျပ်အထိ အနည်းငယ်မြင့်တက်လာသော်လည်း ပို့ကုန်နှင့် သွင်းကုန်လုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

## East-West Economic Corridor (EWEC) International Trade, Tourism, and Invetment Fair-Da Nang 2023 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းများ ပါဝင်ပြသရန်ဖိတ်ကြား

ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ယခုနှစ် သြဂုတ် ၃ ရက်မှ ၈ ရက်အထိ ကျင်းပပြုလုပ်မည့် East-West Economic Corridor (EWEC) International Trade, Tourism, and Invetment Fair-Da Nang 2023 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားလာသည်။

ပြပွဲတွင် မြန်မာကိုယ်စားလှယ်များအတွက် ပြခန်း နှစ်ခန်းအား အခမဲ့စီစဉ်ပေးမည်ဖြစ်သည်။ ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်မှာ အာဆီယံနိုင်ငံများ၊ နိုင်ငံတကာ မိတ်ဖက်နိုင်ငံများနှင့် ဗီယက်နမ်နိုင်ငံတို့အကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂ ၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သတင်းရရှိသည်။

## ရွှေတောင်ဒေသထွက် သကြားပြောင်း

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မီးလောင်အုပ်စု မီးလောင် ကျေးရွာတွင် (9) တံဆိပ် သကြားပြောင်း အမျိုးအစားကို စိုက်ပျိုးကြပြီး ပြောင်းဖူးစိုက်ပျိုးရာ၌ ပြောင်းပင်ကို တပို့တွဲလတွင် စတင်စိုက်ပျိုးပြီး ၇၅ ရက်ကြာလျှင် ပြောင်းဖူးများ စတင်ထွက်ရှိကြောင်း၊ ပြောင်းဖူး တစ်ဧကလျှင် စိုက်ပျိုးထုတ်လုပ် ကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ရှစ်သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ပြောင်းဖူး အကြီး၊ အလတ်၊ အသေး ပြောင်းဖူးရေ ၇၂၀၀ ခန့် ထွက်ရှိကြောင်း၊ ထွက်ရှိလာသောပြောင်းဖူးများကို လက်ကားဈေး တစ်ဖူးလျှင် ငွေကျပ် ၂၅၀ နှုန်းဖြင့် တစ်ဆင့်ပြန်လည်ရောင်းချမည့်သူများက ပြောင်းခင်းသို့ဆင်း၍ ဝယ်ယူကြသကဲ့သို့ ရွှေတောင်မြို့ ဈေးများနှင့် ပြည်ဈေးကွက်၊ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြကြောင်း သတင်းရရှိသည်။

**DOCA (ပဲခူး)**

### ၂၆.၄.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော့မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြုကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၈၀၀ | | ၁၀၀၀၀ | ၇၅၀၀ | ၁၆၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ | ၂၉၈၀၀၀၀ |
| ၂ | လားရှိုး | ၂၆၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၅၀၀ | ၂၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၉၈၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၁၅၀ | | ၁၆၀၀၀ | ၇၅၀၀ | ၁၇၅၀၀ | ၂၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၄၀၀၀ | ၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၃၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၀၀၀၀ | ၂၉၇၀၀၀၀ |
| ၄ | တောင်ကြီး | ၂၅၀၀ | ၂၃၅၀ | ၁၀၀၀၀ | ၆၈၀၀ | ၂၀၀၀၀ | ၁၅၀၀ | ၃၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၃၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၅၀၀ | ၂၉၆၅၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၉၀၀ | ၁၄၀၀၀ | ၈၆၀၀ | ၂၅၀၀၀ | ၁၈၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၁၈၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၇၀၀ | ၂၃၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၂၉၈၅၀၀၀ |
| ၆ | ဘားအံ | ၂၃၀၀ | | ၁၀၅၀၀ | ၇၀၀၀ | ၁၃၅၀၀ | ၁၇၀၀ | ၅၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၇၂၀၀ | ၅၂၀၀ | ၃၅၀၀ | ၂၂၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၉၈၅၀၀၀ |
| ၇ | မော်လမြိုင် | ၂၄၀၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၉၇၅၀၀၀ |
| ၈ | ထားဝယ် | ၂၉၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၇၀၀၀ | ၁၇၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၂၀၀ | ၁၇၀၀ | ၅၀၀ | ၆၃၀၀ | ၆၀၀၀ | ၄၂၀၀ | ၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | | ၂၉၅၈၀၀၀ |
| ၉ | မြိတ် | ၂၆၅၀ | | ၁၆၀၀၀ | ၆၆၀၀ | ၁၆၀၀၀ | ၁၈၀၀ | ၇၂၀၀ | ၅၃၀၀ | ၃၉၀၀ | ၃၄၀၀ | ၇၅၀ | ၇၇၀၀ | ၅၅၀၀ | ၄၈၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | | ၂၉၇၅၀၀၀ |
| ၁၀ | ရန်ကုန် | ၂၅၀၀ | ၂၃၀၀ | ၁၄၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၀၀၀၀ | ၂၇၉၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၄၅၀ | | ၁၄၀၀၀ | ၆၄၀၀ | ၁၁၀၀၀ | ၁၃၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၁၅၅၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၂၈၇၀၀၀၀ |
| ၁၂ | စစ်တွေ | ၂၈၀၀ | ၂၄၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၁၈၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၄၀၀၀ | ၆၀၀ | ၈၀၀၀ | ၅၅၀၀ | ၂၅၀၀ | ၃၆၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | | ၂၉၉၀၀၀၀ |
| ၁၃ | ဟားခါး | ၃၉၀၀ | | ၁၆၅၀၀ | | ၂၀၀၀၀ | ၅၅၀၀ | ၆၀၀၀ | | | ၂၂၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၂၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၉၀၀၀ | ၂၉၇၀၀၀၀ |
| ၁၄ | မုံရွာ | ၃၆၀၀ | | ၁၂၅၀၀ | ၆၄၅၀ | ၁၉၀၀၀ | ၁၃၀၀ | ၅၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၁၇၀၀ | ၇၀၀ | ၆၆၀၀ | ၆၄၀၀ | ၃၆၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၇၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၅၀၀ | ၁၇၅၀ | ၁၃၅၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၁၈၀၀ | ၄၀၀၀ | ၄၄၀၀ | ၄၅၀၀ | ၄၀၀၀ | ၆၀၀ | ၆၈၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၂၇၉၅၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၇၀၀ | | ၁၂၅၀၀ | ၆၈၀၀ | ၁၈၀၀၀ | ၁၄၀၀ | ၆၂၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၈၀၀ | ၅၅၀ | ၇၃၀၀ | ၅၈၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၉၉၀၀၀၀ |
| ၁၇ | မကွေး | ၂၅၅၀ | | ၁၁၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၂၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၉၇၄၀၀၀ |
| ၁၈ | ပြည် | ၂၄၀၀ | | ၁၃၀၀၀ | ၆၅၀၀ | ၂၅၀၀၀ | ၁၆၀၀ | ၇၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၉၉၀၀၀၀ |
| ၁၉ | ပဲခူး | ၂၆၀၀ | | ၁၄၅၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၄၈၀၀ | | ၂၂၀၀ | ၆၀၀ | ၆၅၀၀ | ၅၃၀၀ | ၃၅၀၀ | ၂၃၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၉၈၃၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၅၀၀ | | ၁၄၀၀၀ | ၆၆၀၀ | ၁၅၀၀၀ | ၁၄၀၀ | ၄၆၀၀ | ၄၈၀၀ | ၄၀၀၀ | ၃၃၀၀ | ၅၀၀ | ၇၂၀၀ | ၅၅၀၀ | ၃၈၀၀ | ၂၂၀၀ | ၃၂၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၂၉၉၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၅၀၀ | | ၁၄၅၀၀ | ၆၆၀၀ | ၁၆၀၀၀ | ၁၅၀၀ | ၄၈၀၀ | ၅၀၀၀ | ၄၂၀၀ | ၃၅၀၀ | ၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၂၀၀ | ၁၁၀၀၀ | ၁၈၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၂၉၉၀၀၀၀ |
| ၂၂ | ကလေး | ၂၈၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၇၃၀၀ | ၂၂၀၀၀ | ၁၈၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၀၀၀ | ၇၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၃၀၇၀၀၀၀ |

မှတ်ချက်။ (၁) ညှော့မထဆန် တစ်ပြည်လျှင် ပဲခူးတွင် ငွေကျပ် ၂၀၀၊ ပဲဆီ တစ်ပိဿာလျှင် မန္တလေးတွင် ငွေကျပ် ၁၀၀၀၊ ငရုတ်ခြောက်နှင့် ကြက်သွန်ဖြူ(ကြုကုတ်စ) တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၃၀၀၊ အမဲသားနှင့် ဆိတ်သား တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၁၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၂၀၀၊ မုံရွာတွင် ငွေကျပ် ၁၅၀၊ ပဲခူးတွင် ငွေကျပ် ၁၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် မော်လမြိုင်တွင် ငွေကျပ် ၅၀၀၊ ကြက်သွန်ဖြူ(ကြုကုတ်စ) တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၂၀၀၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၁၀၀၊ စစ်တွေတွင် ငွေကျပ် ၅၀၀၊ ကုလားပဲ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၅၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၁၀၀၀ ဈေးကျခဲ့ပါသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေါင်စန်းပြည်နယ်ခွဲ ပါတီကော်မတီအတွင်းရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**မန္တလေး ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေါင်စန်းပြည်နယ်ခွဲ ပါတီကော်မတီအတွင်းရေးမှူး Mr. Yang Jun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဧပြီ ၂၅ ရက် ညနေပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Chen Chen ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေါင်စန်းပြည်နယ်ခွဲပါတီကော်မတီ အတွင်းရေးမှူး Mr. Yang Jun နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မန္တလေး မြို့သာစက်မှုဥယျာဉ်မြို့တော်တည်ဆောက်ရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ နှစ်နိုင်ငံယဉ်ကျေးမှု၊ ကုန်စည်စီးဆင်းမှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာများ ကူညီထောက်ပံ့ပေးရေး၊ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်နေမှုများနှင့် နှစ်နိုင်ငံလူမှုစီးပွား ပိုမိုတိုးတက်လာစေရေးအတွက် အတူတကွ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီးနောက် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။ **သတင်းစဉ်**



## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကိုရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၄၅ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၀ | ၂၀၉၀ | ၂၁၁၅ | ၂၁၀၀ | ၂၀၇၅ | ၂၁၇၅ | ၂၁၉၀ | ၂၀၈၅ | ၂၀၉၀ | ၂၁၃၀ | ၂၁၃၀ | ၂၁၃၀ | ၂၃၆၀ | ၂၈၁၀ |
| 95 Ron | ၂၁၁၀ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၀ | ၂၁၅၅ | ၂၁၈၀ | ၂၁၆၅ | ၂၁၄၅ | ၂၂၄၀ | ၂၂၆၀ | ၂၁၅၀ | ၂၁၆၅ | ၂၁၉၅ | ၂၁၉၅ | ၂၂၀၀ | ၂၄၃၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၈၀ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၂၀ | ၂၀၃၅ | ၂၀၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၃၀၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၀၆၀ | ၂၁၁၀ | ၂၁၀၅ | ၂၀၇၀ | ၂၁၁၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၅ | ၂၂၁၅ | ၂၂၁၀ | ၂၁၀၀ | ၂၁၁၅ | ၂၁၄၅ | ၂၁၄၅ | ၂၁၅၀ | ၂၃၈၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၀၆၀ | ၂၁၁၀ | ၂၁၀၅ | ၂၀၇၀ | ၂၁၁၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၅ | ၂၂၁၅ | ၂၂၁၀ | ၂၁၀၀ | ၂၁၁၅ | ၂၁၄၅ | ၂၁၄၅ | ၂၁၅၀ | ၂၃၈၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၃၈ | ၂၀၁၀ |
| 95 Ron | ၂၀၀၂ | ၂၀၇၆ |
| HSD (500 ppm) | ၁၈၈၁ | ၁၉၄၈ |
| HSD (50 ppm) | ၁၉၅၅ | ၂၀၂၃ |
| HSD (10 ppm) | ၁၉၅၅ | ၂၀၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မူပိုင်ခွင့်နှင့် အမျိုးသမီးများ၊ ဆန်းသစ်တီထွင် တို့မြှင့်တင်

ပြည့်ထူး (မင်းဘူး)

**ကမ္ဘာတစ်ဝန်းရှိ တီထွင်ဖန်တီးဆန်းသစ်သူများသည် ၎င်းတို့၏ အကြံဉာဏ် စိတ်ကူးစိတ်သန်းများကို ဉာဏပစ္စည်းပိုင်ဆိုင်မှု (Intellectual Property) ကို အသုံးပြု၍ ၎င်းတို့၏ ပိုင်ဆိုင်မှုအဖြစ် ပြောင်းလဲလျက်ရှိသည်။ ယင်းပိုင်ဆိုင်မှုများသည် ကမ္ဘာပေါ်ရှိ လူသားများ၏ ဘဝများ တိုးတက်မြင့်မားလာစေမည့် လူမှုစီးပွားအကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးလျက်ရှိသည်။ ပြောင်းလဲလာသည့် ခေတ်ကာလများအလိုက် တီထွင်ဆန်းသစ်မှုများသည် လူသားတို့၏ တိုးတက်မှုများ၏ အဓိကမောင်းနှင်အား ဖြစ်လာခဲ့သည်။ မူလရှိရင်းစွဲအရာများကို မွမ်းမံဆန်းသစ်၍ ဖြစ်စေ၊ အသစ်အသစ်သောအရာများကို တီထွင်၍ဖြစ်စေ လူသားများ၏ တိုးတက်မှုဆင့်ကဲဖြစ်စဉ်များအတွက် အဓိကအင်ဂျင်များအဖြစ် ထောက်ကန်ပေးလျက်ရှိသည်ကို တွေ့ရှိရပေမည်။**

ဉာဏပစ္စည်းပိုင်ဆိုင်မှု တစ်နည်းအားဖြင့် မူပိုင်ခွင့်သည် တီထွင်မှုများ၊ စာပေနှင့် အနုပညာလက်ရာများ၊ သင်္ကေတများ၊ အမည်များနှင့် ကူးသန်းရောင်းဝယ်ရေးတွင် အသုံးပြုသည့်ရုပ်ပုံများကဲ့သို့သော စိတ်၏ဖန်တီးမှုများ ပိုင်ဆိုင်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ မူပိုင်ခွင့်သည် ဆန်းသစ်တီထွင်မှုနှင့် တီထွင်ဖန်တီးမှု၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ၎င်းကို မှတ်ပုံတင်မူပိုင်များ (patents)၊ မူပိုင်ခွင့်များ(copyrights)၊ ကုန်အမှတ် တံဆိပ်များ (trademarks) နှင့် ကုန်သွယ်မှုလျှို့ဝှက်ချက်များ (trade secrets) ကဲ့သို့သော ဥပဒေအမျိုးမျိုးဖြင့် ကာကွယ်ပေးထားသည်။ ထို့ပြင် ဉာဏပစ္စည်းမူပိုင်ခွင့်များ (Intellectual Property Right–IPR) သည် ဖန်တီးသူများအား သီးသန့်အခွင့်အရေးများ ပေးခြင်းဖြင့် ဆန်းသစ်တီထွင်မှုနှင့် တီထွင်ဖန်တီးမှုများကို အားပေးကာ ၎င်းတို့ကိုယ်တိုင် ၎င်းတို့၏ လက်ရာများမှ အကျိုးခံစားနိုင်စေရန်နှင့် အခြားသူတို့အား ခွင့်ပြုချက်မရှိဘဲ ကူးယူသုံးစွဲခြင်း (သို့မဟုတ်) ကူးယူခြင်းမှ တားဆီးပေးသည်။

> **မျက်မှောက်ခေတ် ၂၁ ရာစုသည် ပညာခေတ်ဖြစ်သည်နှင့်အညီ သိပ္ပံနှင့်နည်းပညာရပ်များ အံ့မခန်း တိုးတက်လာလျက်ရှိသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အမျိုးသမီးစွမ်းအားစုကြီး၏ ပါဝင်ဆောင်ရွက်မှုကို ရယူနိုင်ရေး လိုအပ်သလို အမျိုးသမီးထုတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်ပေးရန် လိုအပ်သည်။ အမျိုးသမီးများ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းသည် တန်ဖိုးရှိသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ် ဖြစ်သည်။ အလားတူ အမျိုးသမီးထုအချင်းချင်း၊ နည်းပညာများကို အကျိုးရှိစွာအသုံးပြု၍ သတင်းအချက်အလက်ဖြန့်ဖြူးမှု၊ အသိပညာပေးမှု၊ နှီးနှောဖလှယ်မှုများသည် အနာဂတ်အတွက် အင်အားများပင်ဖြစ်**

## တီထွင်ဖန်တီးဆန်းသစ်မှုများ အားနည်းလျက်ရှိ

ရှေးခေတ်ကာလများကတည်းကပင် လူသားများ၏ စိတ်ကူးစိတ်သန်းစွမ်းအင်များဖြင့် ကမ္ဘာကြီးကို ပြောင်းလဲခဲ့ရာတွင် အမျိုးသားများသာမက အမျိုးသမီးများပါ ပါဝင်ခဲ့ကြသည်။ ပထမစက်မှုတော်လှန်ရေးခေတ်မှသည် ယခု စတုတ္ထစက်မှုတော်လှန်ရေးခေတ်အထိပင် ကျား/မအားလုံး ပါဝင်သော တီထွင်ဆန်းသစ်မှုများဖြင့် ကမ္ဘာကြီးကို ဆင့်ကဲတိုးတက်စေခဲ့သည်။ ခေတ်အဆက်ဆက်တွင် မူပိုင်ခွင့်ဆိုင်ရာနယ်ပယ်သည် အရေးကြီးသော်လည်း သမိုင်းကြောင်းအရ အမျိုးသားများ၏ပါဝင်မှုများကသာ များပြားလျက်ရှိပြီး အမျိုးသမီးများကိုယ်စားပြုမှုမှာ နည်းပါးသည်ကို တွေ့ရှိရသည်။ ယနေ့ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်သည် စွမ်းဆောင်ရည် ပြည့်ဝကြသည့် အမျိုးသမီး များဖြစ်ကြပြီး မိသားစုအနာဂတ်ဘဝများ လှပအောင် ဖန်တီးပေးနိုင်စွမ်းရှိကြသော ဖန်တီးရှင်များ ဖြစ်ကြသည်။ ရှေးခေတ်ကာလကတည်းကပင် အမျိုးသမီးတီထွင်ဆန်းသစ်ကြသူများ၊ ဒီဇိုင်နာများနှင့် အနုပညာရှင်များ၊ အသိပညာရှင်များ၏ လုပ်ဆောင်ချက်များသည် ကမ္ဘာတစ်ဝန်း လူမှုစီးပွားဘဝကို အထောက်အကူ ရရှိစေခဲ့သည်မှာ ငြင်းဆိုဖွယ်ရာမရှိပေ။ သို့ရာတွင် ခေတ်အဆက်ဆက် ကျား/မ တန်းတူညီမျှမှု အားနည်းခဲ့သည့်အလျောက် အမျိုးသမီးများ၏ တီထွင်ဖန်တီးဆန်းသစ်မှုများသည် ဉာဏမူပိုင်ခွင့်ကိစ္စရပ်များတွင် အားနည်းလျက်ရှိသည်ကို တွေ့ရှိရသည်။

အမျိုးသမီးများသည် ဂီတ၊ ရုပ်ရှင်နှင့် ဖက်ရှင်အပါအဝင် တီထွင်ဖန်တီးမှုလုပ်ငန်းများတွင် ရှေးယခင်ကတည်းကပင် ပါဝင်ဆောင်ရွက်နေခဲ့သည်မှာ ကြာမြင့်ပြီဖြစ်သော်လည်း အဆိုပါ ကဏ္ဍများတွင် ၎င်းတို့၏ အားထုတ်မှုများကို မကြာခဏ လျစ်လျူရှုထားခဲ့ကြသည်။ ထို့ကြောင့် အမျိုးသမီးများသည် အမျိုးသားများထက် မှတ်ပုံတင်မူပိုင်များ၊ ကုန်အမှတ်တံဆိပ်နှင့် မူပိုင်ခွင့်များ အနည်းငယ်သာရရှိခဲ့ပြီး မူပိုင်ခွင့်အခွင့်အရေးများတွင် ကျား/မ ကွာဟမှုကို ဖြစ်ပေါ်စေခဲ့သည်။ ကမ္ဘာ့ဉာဏပစ္စည်းပိုင်ဆိုင်မှုအဖွဲ့အစည်း (World Intellectual Property Organization –WIPO) ၏ အစီရင်ခံစာအရ ၂၀၁၉ ခုနှစ်တွင် နိုင်ငံတကာမူပိုင်ခွင့် လျှောက်ထားမှု ၂၉ ရာခိုင်နှုန်းတွင် အမျိုးသမီးတီထွင်သူ တစ်ဦးသာပါဝင်ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် မကြာသေးမီနှစ်များအတွင်း ဉာဏပစ္စည်း မူပိုင်ခွင့်တွင် အမျိုးသမီးများ၏ပါဝင်မှုကို မြှင့်တင်ရန်နှင့် ဤနယ်ပယ်တွင် ကျား/မရေးရာကွာဟမှုကို ဖြေရှင်းရန် လိုအပ်ကြောင်း ပိုမိုအသိအမှတ်ပြုလာခဲ့ကြသည်။

သို့ဖြစ်ရာ အမျိုးသမီးများ၏ တီထွင်ဖန်တီးမှုများ တိုးများလာစေရန်နှင့် ၎င်းတို့၏ ကြိုးစားအားထုတ်ပံ့ပိုးမှုများသည် ဆန်းသစ်တီထွင်မှုနှင့် တီထွင်ဖန်တီးနိုင်စွမ်းကို အရှိန်မြှင့်ရန်တို့အတွက် မူပိုင်ခွင့်များမှတစ်ဆင့် အရှိန်မြှင့်တင်ပေးရန် လိုအပ်သည်။ ထို့ကြောင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ စတင်အသက်ဝင်လာသော ဧပြီ ၂၆ ရက်ကို အသိအမှတ်ပြုသည့်အနေဖြင့် ကမ္ဘာ့မူပိုင်ခွင့်နေ့အဖြစ် သတ်မှတ်ကာ WIPO အနေဖြင့် တီထွင်ဆန်းသစ်မှုတွင် ကျား/မ တန်းတူညီမျှမှုကို မြှင့်တင်ရန်နှင့် အမျိုးသမီးများ၏ ကြိုးစားအားထုတ်မှုများကို အသိအမှတ်ပြုတန်ဖိုးထားကြောင်း သေချာစေရန် ရည်ရွယ်သည့် ကျား/မရေးရာနှင့် ဆန်းသစ်တီထွင်မှုပဏာမအစီအစဉ် (Gender and Innovation initiative) ကို စတင်ခဲ့သည်။

## အမျိုးသမီးများ လုပ်ငန်းနယ်ပယ်တွင် ဦးဆောင်ပါဝင်မှုပမာဏ တိုးပွားလာ

အဆိုပါအစီအစဉ်အရ အမျိုးသမီးများ၏ တီထွင်ဖန်တီးမှုလက်ရာများ ပိုမိုနေရာရရှိလာစေရေးနှင့် မူပိုင်ခွင့်မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးတို့အတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့ကျင့်ရေးအစီအစဉ်များနှင့် လမ်းညွှန်မှုအစီအစဉ်များကဲ့သို့သော အစီအစဉ်များနှင့်လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် အခြေအနေများမှာ တဖြည်းဖြည်းပြောင်းလဲလာလျက်ရှိပြီး အမျိုးသမီးများအနေဖြင့် ပညာရပ်နှင့် စက်မှုလက်မှုဆိုင်ရာ လုပ်ငန်းနယ်ပယ်တွင် ကိုယ်ပိုင်မူပိုင်ခွင့်များဖြင့် ဦးဆောင်ပါဝင်မှု ပမာဏများ တိုးပွားလာလျက်ရှိသည်။

ယနေ့ စတုတ္ထစက်မှုတော်လှန်ရေးခေတ်တွင် အမျိုးသမီးများအနေဖြင့် ဉာဏပစ္စည်း မူပိုင်ခွင့်နယ်ပယ်အတွက် ထင်သာမြင်သာရှိသည့် ကြိုးပမ်းအားထုတ်မှုမှာ နည်းပညာသစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ အမျိုးသမီးများသည် မျိုးဗီဇကုထုံးများနှင့် ခုခံအားကုထုံးများကဲ့သို့သော ဆေးဘက်ဆိုင်ရာ ကုသမှုအသစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်လာကြသကဲ့သို့ ဆိုလာပြားများနှင့် ဘက်ထရီများ ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များတွင် အသုံးပြုရန် ပစ္စည်းများနှင့် နည်းပညာအသစ်များ တီထွင်ဖန်တီးရာတွင် ပါဝင်နေလျက်ရှိသည်ကို တွေ့ရှိလာရသည်။ ထို့ပြင် အမျိုးသမီးများသည် ဇီဝနည်းပညာ၊ နာနိုနည်းပညာနှင့် ဉာဏ်ရည်တုအပါအဝင် ကျယ်ပြန့်သောနယ်ပယ်များစွာတွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၌ ပါဝင်လာကြသည်ကို တွေ့ရှိလာရသည်။

ဥပမာတစ်ခုအနေဖြင့် နာနိုနည်းပညာနယ်ပယ်တွင် ၎င်း၏လုပ်ငန်းအတွက် မူပိုင်ခွင့်များစွာ ချီးမြှင့်ခံရသော အီဂျစ်သိပ္ပံပညာရှင် ဒေါက်တာဟယ်လာ အယ်လ်ဆက်ဒ်ကို ညွှန်းဆိုရမည် ဖြစ်သည်။ ဒေါက်တာ အယ်လ်ဆက်ဒ်သည် ဆေးဝါးပို့ဆောင်မှုစနစ်များနှင့် တစ်သျှူး အင်ဂျင်နီယာများကဲ့သို့သော ဇီဝဆေးပညာဆိုင်ရာ အသုံးချမှုများ၌ အသုံးပြုရန်အတွက် ပစ္စည်းအသစ်များ တီထွင်ရာတွင် အဓိကပါဝင်ဆောင်ရွက်နေသူ ဖြစ်သည်။ နည်းပညာအသစ်များ ဖန်တီးခြင်းအပြင် အမျိုးသမီးများသည် အဆိုပါနည်းပညာများကို စီးပွားဖြစ်ထုတ်လုပ်ရာတွင်လည်း ပါဝင်လာကြသည်ကို တွေ့ရှိရသည်။ ထို့ပြင် အမျိုးသမီးများသည် ၎င်းတို့၏ ကိုယ်ပိုင် ထွန်းသစ်စလုပ်ငန်း (startup) များကို တည်ထောင်၍ စွန့်ဦးတီထွင်သူများ (Entrepreneurs) ဖြစ်လာကာ မူပိုင်ခွင့်အခွင့်အရေးများဖြင့် ၎င်းတို့၏ တီထွင်ဆန်းသစ်မှုများနှင့် စိတ်ကူးစိတ်သန်းများကို ကာကွယ်နိုင်ရန် ကြိုးစားလာနေကြသည်ကို တွေ့ရှိလာရသည်။

## အမျိုးသမီးများ၏ပါဝင်မှု အခန်းကဏ္ဍသည် အထူးအရေးကြီး

သို့ရာတွင် အမျိုးသမီးများသည် မူပိုင်ခွင့်နှင့် စပ်လျဉ်း၍ သိသာထင်ရှားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများ အထူးသဖြင့် လက်ရှိကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု၊ ကျန်းမာရေး အကျပ်အတည်းများနှင့် နည်းပညာတိုးတက်မှုများကဲ့သို့သော ကဏ္ဍများ၌ ဉာဏပစ္စည်းမူပိုင်ခွင့်တွင် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍသည် အထူးအရေးကြီးလှသည်။ ဤစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် တီထွင်ဖန်တီးမှုဆိုင်ရာ ဖြေရှင်းနည်းများနှင့် ဆန်းသစ်တီထွင်မှုများ လိုအပ်လျက်ရှိပြီး အမျိုးသမီးများအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်သည့် အခြေအနေများပင်ဖြစ်သည်။

မျက်မှောက်ခေတ် ၂၁ ရာစုသည် ပညာခေတ်ဖြစ်သည်နှင့်အညီ သိပ္ပံနှင့်နည်းပညာရပ်များ အံ့မခန်း တိုးတက်လာလျက်ရှိသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အမျိုးသမီးစွမ်းအားစုကြီး၏ ပါဝင်ဆောင်ရွက်မှုကို ရယူနိုင်ရေး လိုအပ်သလို အမျိုးသမီးထုတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်ပေးရန် လိုအပ်သည်။ အမျိုးသမီးများ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းသည် တန်ဖိုးရှိသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ် ဖြစ်သည်။ အလားတူ အမျိုးသမီးထုအချင်းချင်း၊ နည်းပညာများကို အကျိုးရှိစွာအသုံးပြု၍ သတင်းအချက်အလက်ဖြန့်ဖြူးမှု၊ အသိပညာပေးမှု၊ နှီးနှောဖလှယ်မှုများသည် အနာဂတ်အတွက် အင်အားများပင် ဖြစ်သည်။

## လိုက်လျောညီထွေဖြစ်ရန် လိုအပ်

အထူးသဖြင့် အမျိုးသမီးများကို နည်းပညာအသုံးချတတ်အောင် ငယ်စဉ်ကတည်းကပင် မြေတောင်မြှောက် သင်ကြားပေးသင့်သည်။ အမျိုးသမီးများအတွက် အကျိုးရှိစေမည့် တီထွင်ဆန်းသစ်မှုတစ်ရပ် ထိရောက်အောင်မြင်စေရန်မှာ အခြင်းအရာ အမျိုးမျိုးပေါင်းဆုံမိရန် လိုအပ်သည်ဟု ဆိုရပေမည်။ တီထွင်ဆန်းသစ်မှုသည် စိတ်ကူးစိတ်သန်း အကြံဉာဏ်ကောင်းရုံဖြင့် မအောင်မြင်နိုင်ပေ။ ယင်းတီထွင်ဆန်းသစ်မှုကို လက်ခံကျင့်သုံးနိုင်စေရန်အတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အခြေအနေများ လိုက်လျောညီထွေဖြစ်နေရန် လိုအပ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ မကြာသေးမီနှစ်များကပင် မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်ပေးနိုင်ရေးအတွက် ဥပဒေထုတ်ပြန်ခြင်းများအပါအဝင် သိသာထင်ရှားသော အပြောင်းအလဲများကို ဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အခြားနိုင်ငံများရှိ အမျိုးသမီးများနည်းတူ နည်းပညာကဏ္ဍအပါအဝင် စီးပွားရေးကဏ္ဍအသီးသီးတွင် ပိုမိုပါဝင်လာကာ ဆန်းသစ်တီထွင်မှုများဖန်တီး၍ နိုင်ငံ၏စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပြုလျက်ရှိသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင်လည်း မူပိုင်ခွင့်နယ်ပယ်၌ အမျိုးသမီးများ ပိုမိုပါဝင်လာမှုကို မြှင့်တင်ရာတွင်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို သိရှိနားလည်မှု အားနည်းခြင်း၊ ဥပဒေဆိုင်ရာအရင်းအမြစ်များကို ရင်းနှီးကျွမ်းဝင်မှုမရှိခြင်းနှင့် မူပိုင်ခွင့်အကာအကွယ် ရရှိရန် စာရင်းသွင်းလျှောက်ထားရာတွင် ကုန်ကျစရိတ်များအတွက် ငွေကြေးမလုံလောက်ခြင်း စသည့်ကိုင်တွယ်ဖြေရှင်းရန် လိုအပ်လျက်ရှိသော စိန်ခေါ်မှုများစွာ ကျန်ရှိနေသေးသည်။

**သတင်းအချက်အလက်များ**
**လက်လှမ်းမီရန်ခက်ခဲ**

မြန်မာနိုင်ငံအတွင်း အမျိုးသမီးများ ဦးဆောင်၍ စီးပွားရေးလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ စီးပွားရေး မှတ်ပုံတင်ခြင်း၊ လိုင်စင်ယူခြင်း၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း စသည့်စီးပွားရေးဆိုင်ရာအသိပညာများ၊ သတ်မှတ်ချက်များ၊ ဥပဒေစည်းမျဉ်းများ၊ သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီသည့်အရေအတွက်မှာ စစ်တမ်းများအရ ၂၆ ရာခိုင်နှုန်းသာ ရှိသည်ဟု သိရသည်။ စစ်တမ်းတွင် ပါဝင်ဖြေဆိုသူ လုပ်ငန်းရှင်အမျိုးသမီးများမှ ပါဝင်ဖြေဆိုရာတွင် ပြည်ပဈေးကွက်များနှင့် ပတ်သက်သော သတင်းအချက်အလက်များနှင့် ထိုဈေးကွက်များအတွင်းသို့ မည်သို့မည်ပုံ ဝင်ရောက်နိုင်မည်ဟူသော သတင်းအချက်အလက်များကို လက်လှမ်းမီရန် ခက်ခဲလျက်ရှိပြီး ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများအတွက် အဓိက အတားအဆီးဖြစ်ကြောင်း ဖြေဆိုခဲ့ကြသည်။

ယခုအခါ အဆိုပါစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် မြန်မာနိုင်ငံတွင် မူပိုင်ခွင့်နှင့် စပ်လျဉ်း၍ အမျိုးသမီးများ ပိုမိုပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် ရည်ရွယ်သည့် အစပျိုးလုပ်ဆောင်မှု များစွာရှိလာသည်ကို တွေ့ရှိလာရပေသည်။ ဥပမာအားဖြင့် မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် အမျိုးသမီး စွန့်ဦးတီထွင်သူများအား ၎င်းတို့၏ မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို နားလည်စေရန် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာသင်တန်းများနှင့် နှီးနှောဖလှယ်ပွဲများ ပြုလုပ်ပေးလျက်ရှိပြီး မူပိုင်ခွင့်ဆိုင်ရာ အရင်းအမြစ်များ ပံ့ပိုးပေးလျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံ အမျိုးသမီး စွန့်ဦးတီထွင်သူများအသင်း (MWEA) သည် မူပိုင်ခွင့်ကာကွယ်ရေးအပါအဝင် စီးပွားရေးကဏ္ဍအသီးသီးတွင် အမျိုးသမီးစွန့်ဦးတီထွင်သူများကို ပံ့ပိုးကူညီရန် လုပ်ဆောင်လျက်ရှိသည်။

အဆိုပါကြိုးပမ်းမှုများရှိနေသည့် ကြားမှပင် မြန်မာနိုင်ငံရှိ အမျိုးသမီးများအနေဖြင့် မူပိုင်ခွင့် ကာကွယ်ရေးနှင့် အခွင့်အလမ်းများကို တန်းတူရရှိစေရန် လုပ်ဆောင်ရမည့် အလုပ်များစွာကျန်ရှိနေသေးသည်မှာ အမှန်ပင်ဖြစ်သည်။ မူပိုင်ခွင့်ဆိုင်ရာ ကာကွယ်ပေးမှုနှင့် အခွင့်အရေးများနှင့် စပ်လျဉ်း၍ အသိပညာများ ပိုမိုသိရှိလာစေခြင်းနှင့် ဥပဒေဆိုင်ရာ ပံ့ပိုးကူညီမှုများ ပိုမိုရရှိလာစေခြင်းတို့သည် မူပိုင်ခွင့်နယ်ပယ်တွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန်နှင့် ဆန်းသစ်တီထွင်မှုနှင့် တီထွင်ဖန်တီးမှုဆိုင်ရာ ကြိုးစားမှုများကို အသိအမှတ်ပြု တန်ဖိုးထားကြောင်း သိရှိလာစေရန် ရည်ရွယ်၍ အရေးတကြီး လုပ်ဆောင်ရမည့်အချက်များ ဖြစ်ပေသည်။

အမျိုးသမီးများ၏ တီထွင်ဆန်းသစ်နိုင်စွမ်း၊ ထုတ်လုပ်မှုစွမ်းရည်နှင့် စွမ်းအားများအရ ထုတ်ယူမှု မပြုရသေးသော အရေးပါသည့် အလားအလာများစွာသည် မြန်မာနိုင်ငံအတွင်း တည်ရှိနေဆဲဖြစ်သည်။ "ပုခက်လွှဲသော လက်သည် ကမ္ဘာကို အုပ်စိုးစေရမည်" ဆိုသည့်အတိုင်း အမျိုးသမီး စွန့်ဦးတီထွင်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် မြန်မာနိုင်ငံတွင် အလုပ်အကိုင်များ၊ စီးပွားရေးလုပ်ငန်းသစ်များ ပေါ်ထွန်းလာစေရန်အတွက် အဓိကကျသည့် အခွင့်အလမ်းဖြစ်ပြီး စီးပွားရေးနယ်ပယ်တွင် မတူကွဲပြားသည့်လုပ်ငန်းများကို ဖြစ်ပေါ်လာစေမည် ဖြစ်သည်။ ထိုသို့ စီးပွားရေးကဏ္ဍ၌ အမျိုးသမီးများ၏ ပါဝင်မှုကို တိုးတက်လာစေခြင်းသည် မြန်မာနိုင်ငံတွင် အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလမ်းကြောင်းများပင် ဖြစ်ပေသည်။ ယနေ့အထိ လက်ခံရရှိပြီး လျှောက်လွှာပေါင်း ၄၅၀၀၀ ကျော်အနက် အမျိုးသမီးများ၏ ဦးဆောင်လျှောက်ထားမှုကို လေ့လာသုံးသပ်ခြင်းအားဖြင့် မြန်မာနိုင်ငံအတွင်း၌ မူပိုင်ခွင့်နယ်ပယ်တွင် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍကို သိရှိနိုင်မည် ဖြစ်သည်။

**❏ မြန်မာနိုင်ငံရှိ အမျိုးသမီးများအနေဖြင့် မူပိုင်ခွင့် ကာကွယ်ရေးနှင့် အခွင့်အလမ်းများကို တန်းတူရရှိစေရန် လုပ်ဆောင်ရမည့် အလုပ်များစွာကျန်ရှိနေသေးသည်မှာ အမှန်ပင်ဖြစ်သည်။ မူပိုင်ခွင့်ဆိုင်ရာ ကာကွယ်ပေးမှုနှင့် အခွင့်အရေးများနှင့် စပ်လျဉ်း၍ အသိပညာများ ပိုမိုသိရှိလာစေခြင်းနှင့် ဥပဒေဆိုင်ရာ ပံ့ပိုးကူညီမှုများ ပိုမိုရရှိလာစေခြင်းတို့သည် မူပိုင်ခွင့်နယ်ပယ်တွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန်နှင့် ဆန်းသစ်တီထွင်မှုနှင့် တီထွင်ဖန်တီးမှုဆိုင်ရာ ကြိုးစားမှုများကို အသိအမှတ်ပြု တန်ဖိုးထားကြောင်း သိရှိလာစေရန်ရည်ရွယ်၍ အရေးတကြီးလုပ်ဆောင်ရမည့်အချက်များဖြစ်**

**❏ ငယ်စဉ်မှစတင်၍ ဘဝတစ်လျှောက်လုံး ထိတွေ့ရမည့် ပညာရေးမှစတင်၍ ဆန်းသစ်တီထွင်မှုကို အခြေခံသော ကျောင်းပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းအားဖြင့် အမျိုးသမီးများ၏ တီထွင်ဖန်တီးဆန်းသစ်နိုင်စွမ်းအားကို သန္ဓေတည်ပေးရာရောက်မည်ဖြစ်သည်။ အမျိုးသမီးများအတွက် လိုအပ်သော အရင်းအမြစ်များ၊ ပညာရေးနှင့် အခွင့်အလမ်းများကို ပံ့ပိုးပေးခြင်းဖြင့် ၎င်းနယ်ပယ်တွင် ကျား / မ ရေးရာ ကွာဟမှုကိုဖြေရှင်းရန်နှင့် မတူကွဲပြားသည့် ပါဝင်မှုကိုမြှင့်တင်ရန် ကူညီပေးနိုင်မည်**

**ပို့ကုန်မြှင့်တင်ရေးကို**
**ချမှတ်ထား**

မြန်မာနိုင်ငံရှိ အမျိုးသမီးစွန့်ဦးတီထွင်သူများ၏ အခြေအနေကို ပိုမိုနားလည်လာပြီး ဈေးကွက်၊ နည်းပညာ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သော ဝန်ဆောင်မှုများ ရရှိစေမှုတို့သည် ယင်းတို့၏ စီးပွားရေးလုပ်ငန်းများ ကြီးထွားအောင် အထောက်အကူပြုမည့် လိုအပ်ချက်များဖြစ်သည်။ ထို့ပြင် အမျိုးသမီးများ၏ စွန့်ဦးတီထွင်မှုများမှသည် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) အဆင့်အထိ ရောက်ရှိလာစေရန် ပံ့ပိုးပေးရမည် ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်၏ စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များ တင်ပို့နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ရာ အမျိုးသမီးများ၏ ဆန်းသစ်တီထွင်မှုများဖြင့် ဆောင်ရွက်နေသည့် MSME လုပ်ငန်းများကို ပိုမိုအလေးထားအားပေးခြင်းဖြင့် နိုင်ငံတော်အစိုးရ၊ လုပ်ငန်းရှင် အမျိုးသမီးနှင့် ၎င်း၏ ပံ့ပိုးမှုဖြင့် ရပ်တည်နေသော မိသားစုများ၊ ပြည်တွင်းစားသုံးသူများ စသည်တို့ကို အလုံးစုံအကျိုးရှိစေခြင်း (all-around win)ကို ဖြစ်စေမည် ဖြစ်သည်။ အစိုးရအနေဖြင့် စီးပွားရေးဦးတည်ချက် (၄) ရပ်တွင် **"သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုန်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး"** ဟု ထည့်သွင်းချမှတ်ထားသည်။ အချုပ်အားဖြင့် ကြည့်လျှင် သွင်းကုန်အစားထိုးဆောင်ရွက်၍ ပို့ကုန်မြှင့်တင်ရေးကို ဆောင်ရွက်ရန် အစိုးရမူဝါဒက ချမှတ်ထားခြင်းဖြစ်ပြီး ယင်းအတွက် လုပ်ငန်းဆောင်ရွက်ချက်အနေဖြင့် MSME များကို အားပေးတိုက်တွန်းခြင်း ဖြစ်သည်။

ထို့ပြင် ဥပဒေစည်းမျဉ်းများ အနေဖြင့် ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်ရေး၊ သွင်းကုန်အစားထိုးဆောင်ရွက်နိုင်မည့် တီထွင်ဆန်းသစ်သူများ၊ စွန့်ဦးတီထွင်သူများ ပေါ်ပေါက်လာစေရေးအတွက် မဟာဗျူဟာချမှတ်ထားခြင်း၊ မူပိုင်ခွင့်ကဲ့သို့သောဥပဒေများကို ပြဋ္ဌာန်းခြင်းများဖြင့် လမ်းဖောက်ပေးလျက်ရှိသည်။ အမျိုးသမီးများ အလုပ်အကိုင်ရရှိရေး၊ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ရရှိရေးနှင့် လူ့အဖွဲ့အစည်းများအတွင်း အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ရေး၊ ကျား/မတန်းတူညီမျှမှုရှိရေးကိစ္စရပ်များ ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်ငန်းများကို တိုးလာနိုင်သကဲ့သို့ အနာဂတ်မျိုးဆက်အတွက် အခွင့်အလမ်းများပိုမို ကောင်းမွန်လာစေမည်ဖြစ်ပြီး ကောင်းမွန်သည့်မူဝါဒကို ချမှတ်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

**အကျိုးကျေးဇူးများ ခံစား**

ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကဏ္ဍကို လေ့လာကြည့်မည်ဆိုလျှင် မှတ်ပုံတင်ခွင့်ရရှိသူများအနေဖြင့် စီးပွားရေးဆိုင်ရာနစ်နာမှုများ ကြုံတွေ့လာရပါက တရားမကြောင်းအရ တရားစွဲဆိုနိုင်ခြင်း၊ မမှန်ကန်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်းသို့ ဝင်ရောက်ခြင်းကို ဟန့်တားပေးနိုင်ခြင်း၊ အမှတ်တံဆိပ်ပိုင်ရှင်အတွက် ယှဉ်ပြိုင်မှုမြင့်မားသည့် ဈေးကွက်တွင် မူပိုင်ခွင့်အကာအကွယ် ရယူထားနိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ ထိခိုက်ခြင်းမှ ကာကွယ်ဟန့်တားနိုင်ခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အရေးများကို ခံစားလာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိခံစားရမည် ဖြစ်သည်။

တီထွင်ဖန်တီးသူများအတွက် ရလဒ်များအားလုံးသည် ၎င်းတို့၏ ကြိုးစားအားထုတ်မှုကြောင့် ရရှိလာသော အသီးအပွင့်များ ဖြစ်သည်။ ယင်းအသီးအပွင့်များကို တန်ဖိုးရှိလာစေရန်နှင့် အကြံဉာဏ်များကို လက်တွေ့အကောင်အထည်ဖော်၍ ပိုင်ဆိုင်မှုတစ်ခုအဖြစ် အသွင်ပြောင်းပေးနိုင်သည်မှာ မူပိုင်ခွင့်သာ ဖြစ်သည်။ ထို့ကြောင့် မူပိုင်ခွင့်ကို နားလည်သဘောပေါက်ခြင်းနှင့် ကာကွယ်ပေးခြင်းသည် တစ်ဦးတစ်ယောက်ချင်းစီ၏ စီးပွားရေးကို ပိုမိုယှဉ်ပြိုင်လာနိုင်ရန် ပံ့ပိုးပေးနိုင်ပြီး မူပိုင်ခွင့်နှင့် ဆက်စပ်သည့် အခက်အခဲအဟန့်အတားများကို စီမံကိုင်တွယ်ဖြေရှင်းလာနိုင်စေမည် ဖြစ်သည်။ မူပိုင်ခွင့်စနစ်ကို ထိတွေ့အသုံးပြုခြင်းဖြင့် ဆန်းသစ်တီထွင်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ကာကွယ်ပေးခြင်း၊ တရားဝင်ကုန်အမှတ်တံဆိပ်ဖြစ်ခြင်းကြောင့် အမြင်ပသာဒရှိကာ ဈေးကွက်၌ ထုတ်ကုန်များ၏တန်ဖိုးနှင့် ဆွဲဆောင်မှုတို့ကိုမြင့်တက်လာစေခြင်း၊ နည်းပညာနှင့် စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ အသိပညာဗဟုသုတများ ရရှိလာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်ပေမည်။ ထို့ပြင် တစ်ဦးတည်းပိုင်ကုန်ထုတ်လုပ်မှု အကြောင်းတရားများကို တခြားသူများက မသိရှိဘဲ အသုံးပြုမိခြင်းဖြစ်စေ၊ ကုန်ထုတ်လုပ်သူ၏ ကိုယ်ပိုင်အချက်အလက်များ၊ ထုတ်လုပ်မှုများနှင့် တီထွင်ဖန်တီးမှုရလဒ်များကို မတော်တဆ ပျောက်ဆုံးခြင်း စသည်တို့ကြောင့် ဖြစ်ပေါ်လာမည့်အန္တရာယ်များကို ရှောင်ရှား နိုင်စေမည် ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် အမျိုးသမီးများသည် တီထွင်ဖန်တီးမှုနှင့် ဆန်းသစ်တီထွင်မှုတွင် အရေးပါသော အခန်းကဏ္ဍမှ အမြဲပါဝင်နေသော်လည်း ၎င်းတို့၏ ပံ့ပိုးကူညီမှုများကို အမြဲအသိအမှတ်ပြုခံရခြင်း သို့မဟုတ် တန်ဖိုးထားခံရခြင်း မရှိခဲ့ပေ။ ပြောင်းလဲလာသည့် ကမ္ဘာ့ရေစီးကြောင်းများအလိုက် ယနေ့ခေတ်တွင် အမျိုးသမီးများသည် လူမှုအတားအဆီးများမှဖောက်ထွက် လွတ်မြောက်စေရန်အလို့ငှာ နည်းပညာဆန်းသစ်မှုနှင့် တီထွင်မှုစသည့် နှစ်ရပ်ဖြင့် ၎င်းတို့၏စွမ်းရည်ကို ဖော်ထုတ်ကာ ကိုယ်ပိုင်လုပ်ငန်းများကို စတင်ဆောင်ရွက်လာနေကြပြီ ဖြစ်သည်။ တီထွင်ဆန်းသစ်မှုတို့တွင် ကန့်သတ်ချက်များထားရှိခြင်းသည် အလားအလာရှိသည့် အကျိုးဖြစ်စေနိုင်သော အကြံဉာဏ်များအားလုံးကို ဆုံးရှုံးစေနိုင်သည်။ ငယ်စဉ်မှစတင်၍ ဘဝတစ်လျှောက်လုံး ထိတွေ့ရမည့် ပညာရေးမှစတင်၍ ဆန်းသစ်တီထွင်မှုကို အခြေခံသော ကျောင်းပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းအားဖြင့် အမျိုးသမီးများ၏ တီထွင်ဖန်တီးဆန်းသစ်နိုင်စွမ်းအားကို သန္ဓေတည်ပေးရာရောက်မည်ဖြစ်သည်။ အမျိုးသမီးများအတွက် လိုအပ်သော အရင်းအမြစ်များ၊ ပညာရေးနှင့် အခွင့်အလမ်းများကို ပံ့ပိုးပေးခြင်းဖြင့် ၎င်းနယ်ပယ်တွင် ကျား/မ ရေးရာ ကွာဟမှုကိုဖြေရှင်းရန်နှင့် မတူကွဲပြားသည့် ပါဝင်မှုကိုမြှင့်တင်ရန် ကူညီပေးနိုင်မည်ဖြစ်သည်။

လက်ရှိတွင် အတည်ပြုထုတ်ပြန်ထားပြီးဖြစ်သည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၇)၏ အခန်း(၅) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာကဏ္ဍပါ မဏ္ဍိုင်(၁)။ အခွင့်အလမ်းနှင့် လူတိုင်းအကျုံးဝင်မှုတွင် ကျား/မ ရေးရာ ထည့်သွင်းဆောင်ရွက်ထားသည့် မူဝါဒပါရှိသည်ဖြစ်ရာ မူပိုင်ခွင့်နယ်ပယ်တွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်၍ ပိုမိုကောင်းမွန်သော ဆန်းသစ်တီထွင်မှုနှင့် တီထွင်ဖန်တီးနိုင်စွမ်းကို ဖြစ်ပေါ်စေရေးအတွက် တွန်းအားတစ်ရပ်ပင် ဖြစ်သည်။ အမျိုးသမီးများအနေဖြင့်လည်း ခေတ်နှင့်လျော်ညီစွာနေထိုင်နိုင်ရေးအတွက် ပညာရည်ပြည့်ဝရေးနှင့် အသိပညာဗဟုသုတ ပြည့်စုံကြွယ်ဝရေး စသည့် အချက်(၂) ချက်နှင့် ပြည်စုံနေရန် လိုအပ်သည်။ သို့ဖြစ်၍ ပိုမိုကောင်းမွန်ပြီး ရေရှည်တည်တံ့သည့် အနာဂတ်တစ်ခုအတွက် တီထွင်ဆန်းသစ်မှုကို မြှင့်တင်ပေးနိုင်မည့် ထိရောက်၍ မျှတမှုရှိသော မူပိုင်ခွင့်ဂေဟစနစ်တစ်ခု ဖွံ့ဖြိုးလာစေရန်နှင့် အမျိုးသမီးများ ယင်းစနစ်ကို ပိုမိုထိတွေ့လာကာ နိုင်ငံတော်က ရည်မှန်းလုပ်ဆောင်နေသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း အကြံပြုရေးသားအပ်ပါသည်။ ။

# ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များ စုံညီအစည်းအဝေးကျင်းပ



**ရန်ကုန် ဧပြီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များ စုံညီအစည်းအဝေးကို ဧပြီ ၂၆ ရက် မွန်းလွဲပိုင်းက ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။**(ဃာပုံ)**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဌေးဦးက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးထွန်းထွန်းဦး (ဗုဒ္ဓဘာသာ)၊ ဦးကျော်ဇင်လတ် (ဟိန္ဒူဘာသာ)၊ ဦးသန်းဝင်း (အစ္စလာမ်ဘာသာ)တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

အခမ်းအနားတွင် ဥက္ကဋ္ဌက ဦးစီးပေးအနေဖြင့် အဖွဲ့ဝင်အခြားသော ဘာသာဝင်များ၏ ကျန်းမာရေး စောင့်ရှောက်မှုများ အကူအညီပေးနိုင်ရေးနှင့် လက်ရှိဘဏ္ဍာရေး အခြေအနေများကို ချပြဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော ခရိုင်အသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ခရိုင်၊ မြို့နယ်အတွင်း လက်ရှိအခြေအနေများနှင့် စည်းရုံးရေးဆောင်ရွက်ပြီးစီးမှုများကို တင်ပြဆွေးနွေးကြသည်။ ဆွေးနွေးမှုများအပေါ် တိုင်းဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့က ပေါင်းစပ်ညှိနှိုင်း ဖြေကြားပေးသည်။

ယင်းနောက် တိုင်းရန်ပုံငွေအဖြစ် ဥက္ကဋ္ဌ ဦးဌေးဦး၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးကျော်ဇင်လတ်၊ ဦးသန်းဝင်းတို့က ငွေကျပ် ငါးသိန်းစီ၊ အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းဦး၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးကောင်းမြတ်ဇော်တို့က ငွေကျပ် သုံးသိန်းစီ၊ ပြန်ကြားရေးမှူး ဦးသူရအောင်က ငွေကျပ် နှစ်သိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်နိုင်ဦး၊ မှော်ဘီခရိုင်၊ မင်္ဂလာဒုံခရိုင်၊ ဗိုလ်တထောင်ခရိုင်၊ အင်းစိန်ခရိုင်၊ လှည်းကူးခရိုင်၊ တိုက်ကြီးခရိုင်တို့က ငွေကျပ် တစ်သိန်းစီ စုစုပေါင်း ငွေကျပ် ၃၁ သိန်းကို ပေးလှူကြသည်။ အစီအစဉ်အရ ဥက္ကဋ္ဌ ဦးဌေးဦးက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**ကိုကြီးတင်**

## နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၂၆**

ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဧပြီ ၃၀ ရက်မှ မေ ၃ ရက်အတွင်းအရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးတိမ်တောင်များ ဖြစ်ထွန်းခြင်း၊ အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။ **မိုး/ဇလ**




❖ *ကျောဖုံးမှ*

သိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့လှေလှော် အားကစားအဖွဲ့၌အုပ်ချုပ်/နည်းပြ ငါးဦး၊ အမျိုးသားအားကစားသမား ၂၅ ဦး၊ အမျိုးသမီးအားကစားသမား ငါးဦး စုစုပေါင်း ၃၅ ဦးတို့ လိုက်ပါသွားသည်။ **အားကာမောင်**

❍ *ကျောဖုံးမှ*

၄၁၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ ဧည့်သည် ဖူလ်ဟမ်အသင်းသည် ခြေစွမ်းကျဆင်းခဲ့ပြီး ပွဲချိန်တစ်လျှောက် ဗီလာအသင်းဘက်သို့ စုစုပေါင်း ဂိုးကန်သွင်းခွင့် တစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်။

ဗီလာအသင်းက ဖူလ်ဟမ်အသင်းဘက်သို့ ဂိုးကန်သွင်းခွင့် ၁၄ ကြိမ်ထက်မနည်း ပြုလုပ်နိုင်ခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု သုံးကြိမ်တွင် တစ်ကြိမ်ဂိုးရရှိခဲ့သည်။ ဗီလာအသင်းသည် ယခုပွဲအနိုင်ရရှိမှုကြောင့် ပရီမီယာလိဂ်တွင် ၃၃ ပွဲကစားပြီး ရမှတ် ၅၄ မှတ်ဖြင့် လာမည့်နှစ်ဥရောပဝင်ခွင့်တစ်နေရာရရှိရန် အခွင့်အရေးကောင်းပိုင်ဆိုင်ခဲ့ပြီဖြစ်သည်။ ပြိုင်ဘက် ဖူလ်ဟမ်အသင်းက ၃၂ ပွဲကစားပြီး ရမှတ် ၄၅ မှတ်သာ ရရှိထားသေးသည်။

ဧပြီ ၂၇ ရက် နံနက်တွင် ဗီလာနှင့် ဖူလ်ဟမ်အသင်းအပြင် ဝုဖ်နှင့် ခရစ္စတယ်ပဲလေ့စ်၊ လိဒ်စ်နှင့် လက်စတာအသင်းတို့လည်း ယှဉ်ပြိုင်ကစားခဲ့သည်။ ဝုဖ်နှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ပွဲစဉ်တွင် ဝုဖ်က နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ တန်းဆင်းဇုန်ဖိအားရှိသည့် အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်သော လိဒ်စ်နှင့် လက်စတာအသင်းတို့ပွဲစဉ်တွင် အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲအပြီးတွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ **အောင်ဇော်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၈ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၈၁) ရာခိုင်နှုန်းရှိ

### (၂၆-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၆၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၈၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၂၄,၈၄၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၅၃၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၇၂၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၅-၄-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၉၉,၄၀၀) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၉,၀၅၅) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂၅-၄-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၉၉,၄၀၀ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၉,၀၅၅ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၉) ၈ မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) တင်ဒါအမှတ်စဉ်(၄)

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၉)မှ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်အတွင်းရှိ ရွှေးမြစ်နှင့်ပြာမလော့မြစ် အကြားရေကန်တားတာတည်ဆောက်ခြင်းစီမံကိန်းလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသောဒီဇယ်ဆီ(H.S.D)နှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအားမြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများတင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်-

| | |
|---|---|
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** | - ၂၈-၄-၂၀၂၃ ရက် နံနက်(၁၀:၀၀)နာရီ |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်/အချိန်** | - ၉-၅-၂၀၂၃ ရက် ညနေ (၄:၀ ) နာရီ |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းခြင်းပိတ်မည့်ရက်/အချိန်** | - ၁၂-၅-၂၀၂၃ ရက် ညနေ (၄:၀၀) နာရီ |
| **အိတ်ဖွင့်တင်ဒါဖွင့်ပွဲကျင်းပမည့် ရက် / အချိန်** | - ၁၇-၅-၂၀၂၃ ရက် မွန်းလွဲ(၁:၀၀)နာရီ |
| **အိတ်ဖွင့်တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ** | - တည်ဆောက်ရေး(၉)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဆည်မြောင်းရိပ်သာ၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ |

၂။ တင်ဒါလျှောက်လွှာများကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၉)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ၈ မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၆၆၄၇၆၇၊ ၀၁-၆၆၄၅၁၃ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဥက္ကံ၊ ဦးပိုင်အမှတ် (၂ᵍ၊ ၄ᶻ)၊ ဧရိယာ ၀.၁၉၂၊ ၀.၀၃၁ဧကရှိ ဦးအဘွလ်ဟူစိန် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးရဲထွန်းကျော် ၉/ပမန(ညေ့) ၀၀၀၁၆၇မှ အရောင်းအဝယ်စာချုပ်၊ ပျဉ်းမနားမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် (၂၇/၂၀၂၁)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘယ်လ်ဂျီယံနိုင်ငံသို့ ပထမအကြိမ် ကော်ဖီစေ့များတင်ပို့

**တောင်ကြီး ဧပြီ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့ရှိ သမဝါယမအသင်းသားများ စုပေါင်းဖွဲ့စည်းထားသော Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသည် သမဝါယမအသင်းသားများ စိုက်ပျိုးထားသော ကော်ဖီစေ့များကို တောင်ကြီးမြို့(TBC) စီးပွားရေးဇုန်ရှိ Green Gold သမဝါယမအသင်းဂိုဒေါင်၌ ကိုယ်တိုင်ကြိတ်ခွဲထုတ်လုပ်ခြင်း၊ အရည်အသွေးဆန်းစစ်ခြင်းများ ပြုလုပ်၍ အရည်အသွေးပြည့်မီသော ကော်ဖီစေ့များကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။

အသင်းမှ ဘယ်လ်ဂျီယံနိုင်ငံသို့ ပထမအကြိမ်အဖြစ် Green Bean တစ်အိတ်လျှင် ကီလို ၆၀ ပါ အိတ်ပေါင်း ၆၇၀၊ ကော်ဖီတန်ချိန် ၄၀ ဒသမ ၂ တန်၊ ကွန်တိန်နာ နှစ်လုံးကို တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မွေးသက္ကရာဇ်အမှန်

ကျောက်တော်မြို့နယ်၊ လိပ်မကျေးရွာနေ ဦးမောင်ရွှေနု ၏သား မောင်ကိုသက်ငွေး ၁၁/ကတန(နိုင်)၁၀၉၄၅၈ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၁၀-၁၉၉၇ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ မြတ်နိုးအိမ် ၁၃/တကန(နိုင်) ၃၅၂၈၈၈ ၏ ပတ်စ်ပို့နံပါတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၉၂၁၂၀၂၄

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်1N/3492 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်9G/9623 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ နန္ဒဝန် ရပ်ကွက်၊ အကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၁၃၂/၁၃၃)၊ ဧရိယာ(၀.၀၅၅ + ၀.၀ ၅၅) ဧကရှိ အိမ်မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေပေးမိန့်ရရှိထားသူ ဒေါ်စုစုကြည်၊ ဒေါ်ခင်ကြည်ကြည်တို့ထံမှတစ်ဆင့် တရားဝင်ဝယ်ယူထားပြီး လက်ရှိပိုင်ဆိုင်သူ ဒေါ်အဥ္စလီကျော် ၇/ပမန(နိုင်)၁၃၆၃၀၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းဝေ ၁၂/ပဇတ(နိုင်)၀၀၀၅၆၉က ဝယ်ယူပြီး (အရပ်ကတိစာချုပ်ဖြင့်) စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများ၊ တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကိုပြီးစီးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ညွှန်ကြားချက်အရ-** |
| **ဒေါ်သင်းသင်းဝေ** | **ဒေါ်ဖြိုးသူဇာလင်း(LL.B)** |
| **၁၂/ပဇတ(နိုင်)၀၀၀၅၆၉** | **တရားလွှတ်တော်ရှေ့နေ** |

**"ဖြိုး"အမှုလိုက်နှင့် ဥပဒေအတိုင်ပင်ခံရုံး**
**အခန်းအမှတ်(၁၃)၊ မြေတိုင်းတိုက်တန်း၊ ဗိုလ်ချုပ်လမ်း၊**
**ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၃၁၈၉၃၉၉၊ ၀၉-၄၄၉၉၀၀၁၅၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/6808 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ သခင်ဗစိန်လမ်း၊ မြေကွက်အမှတ်(၆၁၇)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဒေါ်သန်းသန်းနု (၁၂/မဂတ (နိုင်) ၀၅၂၄၄၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဖြိုးအေးဆု (၁၂/ဒဂမ (နိုင်) ၀၁၁၆၃၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |

## ဥတုရာသီ၊ တောကိုမှီ၏။

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၄ - ၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၅၀၃၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၅၃၉၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၉၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၉၈ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၃၅ ကျပ် | ၂၀၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၁၅ ကျပ် | ၂၁၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၈၅ ကျပ် | ၂၁၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၈၀ ကျပ် | ၂၂၃၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၁၉ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၃ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၃၉၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၇၃ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၁ . ၁၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၃ . ၂၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၈၇ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၅၆၅ | ၄၅၂၀၀၀၀ |
| MTSH | ၃၀၀၀ | ၃၀၅၀ | ၂၃၀၁ | ၆၉၀၃၀၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၁၀၂၃ | ၁၄၈၃၃၀၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၁ | ၂၅၅၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၂၉ | ၇၄၈၅၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအောက်ရှိ ဗဟိုအဆင့်ဆေးရုံကြီး များ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံကြီးများတွင် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်(၂)(သွားတု)၊ လစာနှုန်း (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး(၁၅)နေရာ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ သွားတုလုပ်ငန်း ကျွမ်းကျင်မှုဒီပလိုမာ (Dip. in D.T) ရရှိပြီးသူဖြစ်ရမည်၊

(ဂ) တာဝန်ကျရာ မည်သည့်ဒေသမဆိုသွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်၊

(ဃ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်း ခံရသူများ လျှောက်ထားခွင့် မရှိပါ၊

(င) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်၊

(စ) တာဝန်ချထားခြင်းခံရသူများသည် တာဝန်ချထားရာ ဆေးရုံကြီးများ၌ အနည်းဆုံး (၃)နှစ် တိတိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး၊ တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသော လျော်ကြေးငွေကျပ်(၄)သိန်းတိတိကို ပေးလျော်ရမည်၊

(ဆ) အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့်သာ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာပေးပို့ရန်-

(က) လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်း များနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့လိပ်မူ၍ လျှောက်လွှာပိတ်ရက်(၂၆ -၅ -၂၀၂၃) နောက်ဆုံးထား လျှောက်ထားရမည်၊

(ခ) လျှောက်လွှာနှင့်အတူ ပေးပို့ရမည့် အချက်အလက်များ -

(၁) ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ (၆)လအတွင်း ရိုက်ကူးထားသော ကာလာလိုင်စင်ဓါတ်ပုံ(၃)ပုံ၊

(၂) သွားတုလုပ်ငန်းကျွမ်းကျင်မှု ဒီပလိုမာလက်မှတ်မိတ္တူ၊

(၃) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ) (၁)စောင်၊

(၄) ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့စခန်းတို့၏ ထောက်ခံစာမူရင်း(၁)စောင်၊

(၅) (၃)လအတွင်း ကျန်းမာရေးစစ်ဆေးထားသော သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး၏ ကျန်းမာကြောင်း ဆေးထောက်ခံစာ (မူရင်း)(၁)စောင်။

၄။ လျှောက်လွှာနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၅။ ကြော်ငြာပါရာထူးအတွက် သတ်မှတ်ချက်ပြည့်စုံစွာဖြင့် လျှောက်ထားသူများကိုသာ နှုတ်ဖြေ ဖြေဆိုရမည့်ရက်အား ပြန်လည်အကြောင်းကြားမည် ဖြစ်ပါသည်။

၆။ သိရှိလိုသည့်အချက်များရှိပါက သွားကျန်းမာရေးပညာဌာနခွဲ၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော် (ဖုန်းနံပါတ် (၀၆၇-၃၄၁၁၁၄၂) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုသရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
### ဆေးဘက်ဆိုင်ရာကျွမ်းကျင်(၂)(သွားတု)ရာထူး လျှောက်လွှာပုံစံ

အမည် ---------------------------------

မွေးသက္ကရာဇ်၊ အသက် ---------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------

မိဘအမည် ---------------------------------

နေရပ်လိပ်စာအပြည့်အစုံ ---------------------------------

---------------------------------

---------------------------------

ဆက်သွယ်ရန်လိပ်စာ ---------------------------------

---------------------------------

---------------------------------

---------------------------------

အောင်မြင်သည့်ခုံအမှတ် ---------------------------------

အောင်မြင်ခဲ့သည့် သင်တန်းအမှတ်စဉ်/ခုနှစ်

ဦးစားပေးလျှောက်ထားသည့် (၁)---------------------------------

ဗဟိုအဆင့်ဆေးရုံကြီး/တိုင်းဒေသကြီး/ (၂)---------------------------------

ပြည်နယ် (၃)---------------------------------

လစ်လပ်လျက်ရှိသော ပြည်သူ့ဆေးရုံများတွင် သွားရောက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကိုယ်တိုင်ခံဝန်ကတိ ရေးထိုးသည့်စာ ပူးတွဲတင်ပြရမည်။

လက်မှတ် ---------------------------

အမည် ---------------------------

တယ်လီဖုန်းအမှတ်---------------------

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ လ ရက်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၃-၂၀၂၄)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများအား ဝယ်ယူရန်အိတ်ဖွင့်တင်ဒါ အမှတ် 4DMS/2023-2024(L)အား ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂-၅-၂၀၂၃ရက် (အင်္ဂါနေ့)

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၆-၅-၂၀၂၃ရက် မွန်းတည့် ၁၂နာရီ

**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၃၄၁၁၅၄၄, ၀၆၇-၃၄၁၁၆၃၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၂/၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်)

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ် (၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)မှ 33/10.5KV 20 MVA Main Transformer (A)၏ On Load Tap Changer (OLTC) ပွင့်ထွက်သွားပါသဖြင့် စစ်ဆေးပြုပြင်ခြင်း လုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်ရန် တင်ဒါဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်** - ၂၈-၄-၂၀၂၃ရက်

၃။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၂-၅-၂၀၂၃ရက် (၁၂:၀၀နာရီ)

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်

၅။ အိတ်ဖွင့်တင်ဒါကို ၂၈-၄-၂၀၂၃ရက်မှစ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ ဘဏ္ဍာရေးဌာန (နေပြည်တော်)နှင့် အမှတ် (၁) ရေနံချက်စက်ရုံ(သန်လျင်)၊ သန်လျင်မြို့တွင် ၁၀:၀၀ နာရီမှ ၁၆:၀၀နာရီ အတွင်း လာရောက် ဝယ်ယူနိုင်ပါသည်-

၆။ တင်ဒါတင်သွင်းသူများသည် အမှတ် (၅)ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)သို့ သွားရောက်စစ်ဆေးကြည့်ရှုပြီးမှ တင်ဒါပေးသွင်းရမည် ဖြစ်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန**
**ဖုန်း-၀၆၇-၃၄၁၁၁၂၃၊ ၀၆၇-၃၄၁၁၁၉၃**

## အသိပေးအကြောင်းကြားခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ လှာကမြင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၂၁)ရွာသစ်ကွင်း၊ ဦးပိုင်အမှတ်(၁၁၅/၂)အတွင်းရှိ မြေဧရိယာ(၃ဒသမ၃ ၀)ဧကထဲတွင် (၁ဒသမ၂၁)ဧကကို လမ်းကော်မတီမှ ၂၀၀၇ ခုနှစ်တွင် ခြံကွက်အမှတ်(၁၃.၁၄. ၁၅.၁၆.၁၇.၁၈.၁၉. ၂၀. ၂၁. ၂၂. ၂၃. ၂၄. ၂၅. ၂၆)ကွက်တို့ကို ဦးဝင်းဆွေ၊ ဦးမောင်စိုးဟန်း၊ ဦးရဲမြင့်အောင်၊ ဦးအောင်မြင့်၊ နော်ဝေထူးထူး၊ ဦးသိန်း အောင်၊ ဦးမြင့်ဦး၊ ဒေါ်မြရီတို့ကို မြေယာချထားပေးခဲ့ပါသည်။

၎င်းမြေပေါ်တွင် ယနေ့အချိန်ထိ လာရောက်လုပ်ကိုင်ခြင်း မရှိသည့်အတွက် (၁၅) ရက်အတွင်း လှာကမြင်ကျေးရွာအုပ်ချုပ်ရေးရုံးသို့ လာရောက်ဖြေရှင်းညှိနှိုင်းပေးပါရန် အသိပေးအကြောင်းကြားပါသည်။ လာရောက်ဖြေရှင်းညှိနှိုင်းမှုမရှိပါက မူလမြေပိုင်ရှင်ဖြစ်သော ဒေါ်တောက်ဝင်းမှ လယ်ယာစိုက်ပျိုးလုပ်ကိုင်ရန်အတွက် နိုင်ငံတော်ထံသို့ မြေခွန်ပြေစာ ပြန်လည်စီးကြပ်သွားမည်ဖြစ်ကြောင်း အသိပေး အပ်ပါသည်။ **ဒေါ်တောက်ဝင်း (ဖုန်း-၀၉-၄၂၅၀၅၁၀၀၀၆)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာချက်

တောင်ငူခရိုင်၊ တောင်ငူမြို့၊ (၈)ရပ်ကွက်၊ ရုံးကြီးလမ်း(ခ)ခရေလမ်းနှင့် ဦးကဝိလမ်းဝထိပ်ရှိ အကွက်အမှတ် (၂) အကွက်အမည် အုတ်ကျွတ်တန်းတောင်၊ ဦးပိုင်အမှတ် (၃၄)၊ ဧရိယာ ၀.၁၅၆ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ဆက်စပ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ဖြစ်သူ ဒေါ်တင်တင်ထွန်း ၇/တငန(နိုင်)၀၁၄၇၆၉ထံမှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည်ဟု အဆိုပြုလာ၍ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေအပေါ် တစ်စိတ်တစ်ဒေသ စရန်ငွေပေးချေထားပါသည်။

ယခုအိမ်နှင့်ခြံမြေ အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသွင်**
**LL.B, DL-101, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၀၂)**
**၆/၁၇၄ ပန်းချီတခါးလမ်း၊ တောင်ငူမြို့၊ ဖုန်း-၄၂၈၀၁၅၀၀၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်ကြပ်စောမြင့်ဦး (ကိုယ်ပိုင်အမှတ်) ၅၂၂၉၈၆၊ မှတ်ပုံတင်အမှတ် ၁၄/ပသန(နိုင်)၀၀၇၈၉၄ (ဘ)ဦးဝင်းမောင် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၂၉၆၁ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်နန်းအေး ၁၄/ပသန(နိုင်)၀၀၇၈၉၃ (ဘ)ဦးစံခမ်းမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်စောမြင့်ဦး သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏ အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့် ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်စန်း (၁၂/လမတ(နိုင်)၀၁၅၇၁၈)၏ တူမဖြစ်သူ မမိုးမိုးဇင်နွယ် (၁၂/လမတ(နိုင်)၀၃၆၇၃၄)သည် ငယ်ငယ်ကတည်းက အဒေါ်အရင်းဖြစ်သူ ဒေါ်မြင့်မြင့်စန်းမှ ကျွေးမွေးပြုစုစောင့်ရှောက်လာခဲ့သူဖြစ်ပါသည်။ မမိုးမိုးဇင်နွယ်သည် အဒေါ်၊ ဦးလေး၊ ညီအစ်ကိုမောင်နှမများမှ ခွင့်မလွှတ်နိုင်သော ကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် မမိုးမိုးဇင်နွယ် ပြုမူဆောင်ရွက်ထားသည့် လူမှုရေး၊ စီးပွားရေး၊ အရှုပ်အရှင်း ကိစ္စအဝဝတို့ကို အဒေါ်၊ ဦးလေး၊ ညီအစ်ကိုမောင်နှမများမှ တာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်စန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မြင့်(H.G.P,LL.B) ဒေါ်နှင်းမြခိုင်(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(၃၂၂၆) တရားလွှတ်တော်ရှေ့နေ(၁၁၃၀၃)**
**အမှတ်(၁၂၆)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၈၆၇၀၄၊ ၀၉-၄၄၃၀၈၈၃၈၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စိန်ရတနာလမ်း၊ အမှတ် (၅၄/၅၅)ရှိ M2J Co.,Ltd.သည် Carebeau အလှကုန် ပစ္စည်းအမျိုးမျိုးကို တရားဝင်ရောင်းချဖြန့်ဖြူးခွင့်ရရှိထားသည့် တစ်ခုတည်းသော Company ဖြစ်ပြီး FDA မှ အလှကုန်ပစ္စည်း မှတ်တမ်းတင် အသိအမှတ်ပြုလက်မှတ်ရရှိထားပြီး ဖြစ်ပါကြောင်းနှင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၄/၂၈၆၃ ဖြင့် ကုန်အမှတ်တံဆိပ်အား တရားဝင်မှတ်ပုံတင်ပြီးဖြစ်ပါသည်။

**မှတ်ပုံတင်စာချုပ်အမှတ် ၂၈၆၃/၂၀၂၃**

M2J Co.,Ltd. မှ အလှကုန်ပစ္စည်းအမျိုးမျိုးအား Carebeau တံဆိပ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ မိမိ Company မှ တစ်ပါးယင်း Carebeau တံဆိပ်အမှတ်အသားကို မှိုင်းမြမ်း၍ တုပကပ်နှိပ်ထားခြင်း၊ ဆင်တူယိုးမှား ပြုလုပ်ခြင်းများ တွေ့ရှိပါက ဥပဒေအကြောင်းအရ အရေးယူမည်ဖြစ်ကြောင်းနှင့် M2J Co.,Ltd. ၏ တရားဝင်ခွင့်ပြုချက်မရရှိပဲ ဈေးကွက်အတွင်းဖြစ်စေ၊ Online တွင်ဖြစ်စေ ရောင်းချခြင်းတွေ့ရှိပါက မိမိအကျိုးစီးပွားထိခိုက်မှု နစ်နာမှုအဝဝအတွက် တရားဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံးတွင် တရားမကြောင်းရသော်လည်းကောင်း၊ ပြစ်မှု ကြောင်းရသော်လည်းကောင်း တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးနွယ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၅၃) ၁၇-၇-၂၀၁၈**
**ရုံး(ရွှေပြည်သာမြို့နယ်တရားရုံး ရှေ့နေများနားနေခန်း)၊**
**ဖုန်း-၀၉-၄၂၀၀၉၉၀၀၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
## မြောက်ဥက္ကလာပမြို့နယ်တရားရုံး
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅

ဒေါ်ဝင်းဝင်းငွေ **နှင့်** ၁။ ဒေါ်စန်းမြင့်ထွေး
၂။ ဒေါ်စန်းမြင့်နွေး

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၅၄၇)နေ တရားပြိုင်(၁)ဒေါ်စန်းမြင့်ထွေး၊ တရားပြိုင်(၂)ဒေါ်စန်းမြင့်နွေး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက် အမှတ် (၄၉၂/ခ) အကျယ်အဝန်း (၂၀ပေx၆၀ ပေ)၊ ဧရိယာ (၁၂၀၀) စတုရန်းပေ၊ တကောင်း(၅)လမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ ဒေါ်ခင်နှင်းဆွေ ဂရန်အမည်ပေါက် နှစ်ထပ်တိုက်အိမ် အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံသူဖြစ်သော ဒေါ်ကေသီ ၅/စကန(နိုင်)၁၅၉၂၂၄ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးဝင်းထွန်းဦး ၁၂/ဗဟန(နိုင်)၀၇၇၅၃၉၊ ဒေါ်ယဉ်ဆွေမြင့် ၁၂/မဂတ(နိုင်)၀၇၉၄၂၄ က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ယဉ်မေမြတ် (LL.B) စဉ် – ၅၁၈၇၀
အထက်တန်းရှေ့နေ
အမှတ် (၁၄)၊ မလိခလမ်း၊ ၁၈/B တောင်ဒဂုံ
ဖုန်း–၀၉–၇၈၅၈၁၂၂၄

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သပြေညိုလမ်း၊ တိုက်အမှတ်(၁၅/အေ)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ (၅-လွှာ)(ဘီ) တိုက်ရှေ့မျက်နှာမူလျှင်-ညာဘက် (ခြေရင်းခန်း)၊ အကျယ်အဝန်း (ပေ ၂၀ x ပေ ၇၀)ရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် တိုက်ခန်းနှင့်အကျိုးခံစားခွင့်ရပ်ရပ်အားလုံးကို ယခုလက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သော ဦးကျော်သန်း ၁၂/တမန(နိုင်)၁၀၄၇၇၄နှင့် ဒေါ်ဝင်းဝါမြတ် ၁၂/စခန(နိုင်)၀၈၀၈၇၉ တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဟေမာအောင် ၁၂/အစန(နိုင်)၁၈၇၇၈၈မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု ပေါ်ပေါက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ရွှေစင်ဝင်း (LL.B) (စဉ်–၁၆၇၀၅)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၈၀၈)၊ မာဃ(၉)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း ၀၉–၄၀၁၅၂၃၄၈

## ပျောက်ဆုံးကြောင်း

ကျွန်မ မသီသီထွေး ၁၃/လလန(နိုင်)၀၈၉၅၁၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၅၆၅၀၄၈၅၄**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်စောသီ ၁၃/မကန(နိုင်)၁၁၅၅၅၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၅၂၁၀၆၃၂**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 6G/8318 JOYLONG ယာဉ်လက်ဝယ်ရှိသူ ဦးထက်ဝေအောင် ၈/ရစက(နိုင်)၂၃၄၇၇၃ သည် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 79W/62058 Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆွေမျိုးထွန်း ၅/ခဥတ(နိုင်)၀၆၃၈၆၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**သင့်သေချာဖြင့် အသက်ကယ်ပါ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ–၂)၊ ဦးပိုင်အမှတ်(၂၂)၊ (၅၈x၅၉)ကြား၊ အေလမ်းနှင့်ဘီလမ်းကြားရှိ ဗိုလ်မြင့်စိုး အမည်ပေါက်တောဂရန်မြေကွက်အား ဦးမြင့်စိုး IDW–၀၃၇၂၅၂ ၏ (SP ရသူ ဒေါ်စန္ဒာမိုး)က မူရင်းပိုင်ရှင်၏ မှတ်ပုံတင်နှင့်အိမ်ထောင်စုဇယားတို့ တင်ပြနိုင်ခြင်းမရှိကြောင်း တင်ပြစာ၊ တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၀၂၃၀/ ၂၀၂၃–၂၀၂၄ ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဠ–၈) ဦးပိုင်အမှတ်(၃၀)၊ ၆၄x၆၅ လမ်းကြား၊ ကျန်စစ်သားxဇော်ဂျီလမ်းကြားရှိ တောဂရန်အမည်ပေါက်သူ ဒေါ်ခင်ခင် ၉/မရမ (နိုင်)၀၄၀၄၆၅၊ DI–၀၀၁၄၈၈ ၏ (SP ရသူ ဦးညွန့်ဝင်း) က အမည်ပေါက်သူ ဒေါ်ခင်ခင်၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ငှားရမ်း၍မရကြောင်း တင်ပြစာ၊ တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၆၆၅၆/၂၀၂၂–၂၀၂၃ ဖြင့် တောမှမြို့ပြောင်း သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၃၁၇)၊ ပါမစ်မြေ အမျိုးအစား၊ အကျယ်အဝန်း(၄၀ × ၆၀)ပေ အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၂၀ × ၆၀)ပေ၊(ထောင့်ခြမ်း) မြေကွက် နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊ရွှေပေါက်ကံမြို့သစ်၊(၁၀)ရပ်ကွက်၊ဗိုလ်မြတ်ထွန်းလမ်းနှင့်ဘုရင့်နောင်(၂)လမ်းထောင့်၊ အမှတ်(၃၁၇)မြေကွက်ကို မူလပါမစ် အမည်ပေါက်ပိုင်ရှင် ဒေါ်အေးမိ(၁၂/မဘန(နိုင်)၀၁၂၀၅၇) ထံမှ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးငြိမ်းမောင်(၉/မလန(နိုင်)၁၀၂၇၄၂)ကရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထားမူရင်း များ နှင့်တကွ ဤကြော်ငြာပါသည့် နေ့ မှ(၁၀) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ် ကို ဥပဒေ နှင့် အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခင်မိုးမိုးအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၅၅)
အမှတ်(၆၁၉/က)၊ရန်ကြီးအောင်လမ်း၊(၅)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊၀၉–၄၂၁၀၉၇၄၀၃

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 79W/62058 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၅)လမ်း၊ မြေကွက်အမှတ်(၂၃၉/က+ခ)၊ မြေအကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ မြေကွက်ပေါ်၌ ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်၊ RC အဆောက်အအုံ၏ ခြေရင်းခန်း၊ ဒုတိယထပ်(၃)လွှာ၊ တိုက်ခန်း၊ အကျယ်အဝန်း (၁၇ပေx ၅၄ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်ရေမော်တာ၊ သီးသန့်ကိုယ်ပိုင် လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်မျိုးသက် ၁၄/အဂပ(နိုင်)၀၀၅၆၄၃က ဥပဒေနှင့်အညီ စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်သက်နိုင် ၁၂/ခရန(နိုင်)၀၀၉၉၉၅ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခိုင်မေလှိုင်(စဉ်–၇၉၁၆/၂၁–၁၂–၂၀၁၁)
LL.B. D.B.L, Dip in English
တရားလွှတ်တော်ရှေ့နေ
တိုက်(၁၀/၁၂)၊အခန်း(၁၀၄/ဒီ)၊ပထမထပ်၊၃၅–လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ဖုန်း–၀၉–၅၀၈၃၈၀၅၊ ၀၉–၇၉၉၆၁၈၄၇၂

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာ စီမံကိန်းအဆင့်၊ ဇုန်(ဘီ)၊ တိုက်အမှတ်(ဘီ–၅)၊ အခန်းအမှတ် (၁၀၁၄)၊ Type(C)၊ Area(၆၅၁)Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးသီတာအောင် ဇစ်တိုးရီးယား ၁၂/မဂတ(နိုင်)၀၈၅၀၄၉ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့် အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| ဦးမင်းဇော် | ဒေါ်အေးအေးမြ |
| ၁၂/သဃက(နိုင်)၁၃၉၅၇၀ | ၁၂/ပဇတ(နိုင်)၀၁၃၄၄၅ |

ဖုန်း–၀၉ ၅၁၁၉၀၆၄

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မောင်ထူးမြတ်တင်လွန်းအောင် ၁၄/လမန(နိုင်)၀၈၆၁၈၈ သည် မိဘ၏ ဆိုဆုံးမမှုအား မနာခံဘဲ မိမိသဘောဖြင့် နေအိမ်ပေါ်မှ ဆင်းသွားပြီး မိဘအား ကိုယ်စိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုလုပ်နေသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စများကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(ဘ) ဦးအောင်သိန်း (လေးမျက်နှာမြို့)

## ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)
## တေရသမအကြိမ် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)မှ ၂၀၂၀-၂၀၂၂ ပညာသင်နှစ်တွင် အောင်မြင်ခဲ့သော B.C.Sc/ B.C.Tech ဘွဲ့သင်တန်းအတွက် ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်) တေရသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်) ဘွဲ့နှင်းသဘင်ခန်းမ၌ ၂၇-၅-၂၀၂၃ (စနေနေ့)တွင် အစမ်းလေ့ကျင့်ပွဲနှင့် ၂၈-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့)တွင် ဘွဲ့နှင်းသဘင်ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာလျှောက်ထားလိုသူများသည် ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်) တွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် သုံးလအတွင်း ရိုက်ကူးထားသော ၂"x ၁ ၁/၂" အရွယ်ဓာတ်ပုံ (၅)ပုံနှင့် မှတ်ပုံတင်မိတ္တူ (၂)စောင်ပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့) အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာဖော်ပြလျက် ၂၀၂၃ခုနှစ် မေ ၅ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ မြန်မာဝတ်စုံ (သို့) အနောက်တိုင်းဝတ်စုံအပြည့် (အမျိုးသားများသာ) တစ်မျိုးမျိုး ဝတ်ဆင်၍ သပ်ရပ်စွာ ရိုက်ကူးထားသော ဓာတ်ပုံများဖြင့်သာ လျှောက်ထားရမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀ိ/ (ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀ိ/(ကျပ်တစ်ထောင်တိတိ)ကို ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်) ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ ယခင်နှစ်များမှ ဘွဲ့ရစာမေးပွဲ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်လျှောက်လွှာ ပေးပို့လိုသူများသည် လျှောက်လွှာနှင့်အတူ ပူးတွဲ၍ စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟုဖော်ပြပြီး ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)သို့ လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်အောင်မြင်သည့် ခုနှစ်၊ လ၊ နေရပ်လိပ်စာအပြည့်အစုံ တိကျစွာဖော်ပြရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် လျှောက်လွှာနှင့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်အသေးစိတ် အစီအစဉ်များကို ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်) ကျောင်းသားရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၉-၄၀၀၀၈၄၉၂၂၊ ၀၇၄-၂၅၅၀၅၀၀၊ ၀၉-၈၆၉၄၂၉၁၇၈ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မှတ်ချက်။ ဘွဲ့တက်ရောက်ရန် အမျိုးသားဖြစ်ပါက မြန်မာအမျိုးသားဝတ်စုံ (သို့) အနောက်တိုင်းဝတ်စုံအပြည့်၊ အမျိုးသမီးဖြစ်ပါက မြန်မာအမျိုးသမီးဝတ်စုံအပြည့်ဖြင့်တက်ရောက်ပါရန်။**

**ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/6923 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ်(၄)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၈)ထပ်တိုက် အဆောက်အအုံ၏ မျက်နှာမူလျှင် (ညာဘက်ခြမ်း)(စလွှာ)(ဘီ)၊ အကျယ်အဝန်း(၁၅ပေx၅၅ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ရေမီး အပြည့်အစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုသူ ဒေါ်အိသဇင်ခိုင် ၁၂/စခန(နိုင်)၀၅၀၉၄၀ထံမှ ဖော်ပြပါပစ္စည်းကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ဇာလှိုင် ၁၂/မရက(နိုင်) ၁၃၀၄၄၂ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်းကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်တင်ဇာလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေဝင်းမော်(LL.B) စဉ်-၁၃၇၂၈/၂၀၁၇**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၃၅၇၊ (၆)လမ်း၊ အပိုင်း(၂)၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၈၀၂၀၀၄၃**

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင် (၆) လမ်း၊ အမှတ် (၅) ဟုခေါ်တွင်သော (၂) ခန်းတွဲ (၆) ထပ်တိုက် အဆောက်အအုံ၏ ဒုတိယထပ် (ခေါင်းရင်းခန်း)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုလက်ရှိ တရားဝင်လက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော (၁) ဦးတင်မျိုးအောင် ၇/ပခန(နိုင်)၃၅၅၅၄၃၊ (၂) ဒေါ်မြဖူးငုံ ၁၃/လရန(နိုင်)၁၆၁၂၅၁ တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇေယျာဌေးတင့်(LL.B)(စဉ်-၁၂၁၂၀)**
**တရားလွှတ်တော်ရှေ့နေ**
**အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်းကြီး၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၄၃၁၉၅၂၁၇**

## ကြော်ငြာစာ
## ဗိုလ်တထောင်ခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၂၀

WSGRI ENGINEERING (MYANMAR)
Company Limited (၎င်းကုမ္ပဏီ၏ကိုယ်စား
လွှဲအပ်ခြင်းခံရသူ ဒေါ်စည်းစိမ်အေး) လျှောက်ထားသူ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၄၃၁ (စ) အရ
ပြန်လည်မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀)ရပ်ကွက်၊ ငွေ့မ အိမ်ရာ၊ အမှတ်- ၁၄/ B ရှိ WSGRI ENGINEERING (MYANMAR) Company Limited (၎င်းကုမ္ပဏီ၏ ကိုယ်စား လွှဲအပ်ခြင်းခံရသူ ဒေါ်စည်းစိမ်အေး) က မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၄၃၁(စ)အား လိုက်နာရန် ပျက်ကွက်သည့်အတွက် ယင်းဥပဒေပုဒ်မ ၄၃၁(စ)အရ ပြန်လည်မှတ်ပုံတင်ခြင်းပြုစေရန် အတွက် သက်သာခွင့် ခံစားခွင့်ပြုပါရန် လျှောက်ထားချက်ရှိသဖြင့် အဆိုပါ လျှောက်ထားချက်အပေါ် အကျိုးစီးပွားသက်ဝင်သည်ဟုအဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင် ဆိုခဲ့သော ၂၀၂၃ ခုနှစ် မေ ၁၆ရက် (၁၃၈၅ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက်) နံနက် ၁၀:၀၀ နာရီတွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ် တစ်ဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် စာရွက်စာတမ်း မှတ်တမ်းများကို ကြည့်ရှုရန် ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်က ဆိုခဲ့သော WSGRI ENGINEERING (MYANMAR) Company Limited ၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။

၂၀၂၃ ခုနှစ် မေ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(စိုးသီရိခိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး (၂)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်ကြပ်မိုးမြင့်နိုင် (ကိုယ်ပိုင်အမှတ် ၈၃၇၁၈၅) ၈/မလန(နိုင်)၀၅၂၅၂၇ (ဘ) ဦးမြအုန်း အမည်ပေါက် ပါမစ်မြေကွက် အမှတ် ပစ(င)၄၉၆၈ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ဌေးဌေးဝင်း ၈/ပဖန(နိုင်)၀၉၈၆၈၂ (ဘ) ဦးသိန်းတင်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်မိုးမြင့်နိုင် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်ပါကြောင်း

ကျွန်ုပ်မိတ်ဆွေဒေါ်တင်တင်ဦး ၁၂/သကတ(နိုင်)၀၆၆၉၅၆ ၏ ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ အများသိစေအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃/မာန်ပြေ)ရပ်ကွက်၊ သုမနလမ်း၊ အမှတ်-၂၂၂၊ မြေတိုင်းရပ်ကွက် အမှတ်(၃/မာန်ပြေ)၊ မြေကွက်အမှတ်-၂၂၂၊ မြေရေိယာ ၂၄၀၀(စတုရန်းပေ)၊ အတိုင်းအတာ အကျယ်အဝန်း (၄၀ပေx၆၀ပေ) မြေကွက်နှင့်အဆောက်အအုံသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်ခင်စီနှင့်ဒေါ်လှလှအမည်ပေါက်ဖြင့် ပူးတွဲပိုင်ဆိုင်ထားကာ ဒေါ်လှလှမှာ ၂၀၁၆ ခုနှစ်တွင်ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် သားသမီးဖြစ်သည့် ဦးခင်မောင်ဦး၊ ဒေါ်သန်းသန်းအေး၊ ဒေါ်မြင့်မြင့်သန်း ဦးသိန်းစိန် (ခ) ဦးမြသန်း၊ ဒေါ်ခင်မြအေးတို့ သားသမီး(၅)ဦးကျန်ရှိခဲ့ကြောင်း ဦးသိန်းစိန်(ခ)ဦးမြသန်းမှာလည်း ၂၀၂၁ ခုနှစ်တွင် ကွယ်လွန်သွားခဲ့ပြီး ကွယ်လွန်ချိန်တွင် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်တင်တင်ဦး ကျန်ရစ်ခဲ့ပါကြောင်း အများသိစေလိုပါသည်။

ထို့အပြင် ဒေါ်ခင်စီ တစ်ဦးတည်းမှသော်လည်းကောင်း၊ ဦးခင်မောင်ဦး၊ ဒေါ်သန်းသန်းအေး၊ ဒေါ်မြင့်မြင့်သန်း ဒေါ်ခင်မြအေးတို့နှင့်အတူ ပူးတွဲ၍သော်လည်းကောင်း အထက်ပါမြေနှင့်အိမ်ကို ဥပဒေအရ အကျိုးခံစားခွင့်ရှိသူ ကျွန်ုပ်မိတ်ဆွေ ဒေါ်တင်တင်ဦးအား အသိမပေးဘဲ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ဝယ်ယူသူထံမှစရန်ငွေရယူထားကြောင်းသိရှိရပါသည်။ အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရှိသူ ဒေါ်တင်တင်ဦးအား ချန်လှပ်၍ တစ်ဖက်သတ် အရောင်းအဝယ်ပြုလုပ်ရန်ကြိုးစားနေသည့်အတွက် အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်ပါကြောင်း အသိအမှတ်မပြုပါကြောင်း၊ ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ထပ်မံအများသိစေအပ်ပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါမြေနှင့်အဆောက်အအုံအား ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ အပြီးအပိုင် လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် ပြောင်းလဲခြင်းများ မပြုလုပ်ရန် သက်ဆိုင်သူများအားလုံးနှင့်တကွ အများသိစေအပ်ပါသည်။

**ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးညီညီအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၄၇၆၁ (၁၇ - ၇ -၂၀၁၈)**
**အမှတ်၃၆၆(က)၊ ဗိုလ်ခန့်လမ်း၊ (၇)ရပ်ကွက်၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၃၈၈၇၇၁၁၊၀၉-၇၉၅၇၀၃၉၇၁**

## ဖခင်အမည်မှန်နှင့် အမည်မှန်

ကြံခင်းမြို့၊ ရွာသစ်ရပ်ကွက်၊ အိမ်တော်လမ်း၊ Grade-3မှ မောင်ဘုန်းမြတ်သာ၏ အမည်မှန်မှာ မောင်ဘုန်းမြတ်အောင်ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း ၁၄/ကခန (နိုင်) ၀၆၁၂၇၀ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်ထွန်းလင်း ၁၁/ကတန(နိုင်)၀၉၀၀၁၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၂၆၁၈၅၃၅၀၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်ဟန်စိုး ၁၁/ရသတ(နိုင်)၁၁၁၄၆၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၁၈၅၃၅၀၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ထွန်းနိုင် ၁၁/မပန(နိုင်)၀၉၅၉၂၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၂၆၁၈၅၃၅၀၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/16640 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူအောင် ၉/တကန(နိုင်)၁၄၂၄၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3N/5647 Nissan Latio N17, S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမို့မို့မင်း ၉/အမဇ(နိုင်) ၀၄၁၄၆၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်းသစ်လုံး/ သစ်မာသစ်လုံး/ကျွန်းခွဲသားများကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့် ရက်နှင့်အချိန်** - ၁၁-၅-၂၀၂၃ ရက်၊ နံနက် (၉:၀၀)နာရီ
**ပြည်ပရောင်း**
- ကျွန်းသစ်လုံး (ရန်ကုန်) (၁၅၀၉)တန်ခန့်
  သစ်မာသစ်လုံး(ရန်ကုန်/နယ်)(၁၃၄၈)တန်ခန့်
- ကျွန်းခွဲသား ( ၂၀၀ )တန်ခန့်

**သစ်အခြေခံ**
- ကျွန်းခွဲသား ( ၁၅၂ )တန်ခန့်
  တင်ဒါကျင်းပမည့်ရက် ပြောင်းလဲမှု ရှိပါက ထပ်မံအကြောင်းကြားပါမည်။

(ခ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ MSMEs လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သော ကုန်ကြမ်းများအား ဝင်ရောက် ယှဉ်ပြိုင်ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် website ဖြစ်သော www.mte.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဆက်သွယ်ရန်ဖုန်း - ၀၁-၂၈၇၄၃၊ ၀၁-၅၂၈၇၇၁၊ ၀၁-၅၂၈၇၆၄

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ကွင်းအမှတ် (၃၅/၁)၊ ဦးပိုင်အမှတ်(၁၈၂)၊မြေဧရိယာ ၀ ဒသမ ၀၈၆ ဧကရှိ မြေကွက်သည် မူလ က ဦးမြင့်ဦးအမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၈၁၅/V ၁၉၈၉-၁၉၉၀ အရ ၃၀-၆-၂၀၂၀ ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးမြင့်ဦး(၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအောင်မျိုးသန့် (ခ)ကျန်လှပ်)က ၁၀-၃-၂၀၂၃ ရက်စွဲပါမြို့နယ်စာချုပ် စာတမ်းမှတ်ပုံတင်အမှတ်(၁၀၁/၂၀၂၃)အရ ဒေါ်ဟာဘီဇာဘီဘီ(ခ)ခင်စန်းရီ ၁/မကန (နိုင်)၀၁၃၉၅၅ နှင့် ဦးကျော်မြင့်ဦး ၁/မကန(နိုင်)၁၂၆၃၇၅ (၂)ဦးထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသဖြင့် ယခုအခါ ဒေါ်ဟာဘီဇာဘီဘီ(ခ)ခင်စန်းရီပါ(၂)ဦး အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

ပျဉ်းမနားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃/ဥက္ကံရပ်၊ လူနေရပ်ကွက်အမှတ် ရွာကောက်ရပ်၊ ရန်ကုန်-မန္တလေးလမ်း၊ ဦးပိုင်အမှတ် (၁၈ᵃ)၊ အိမ်အမှတ်(၁၂/၈)၊ ဧရိယာ ၀ ဒသမ ၀၇၈ ဧကရှိ မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးထွန်းကြည်၊ (ဇနီး)ဒေါ်အေးအမည်မှတ်သားတည်ရှိသည့် (G) အမျိုးအစားမြေကွက်ဖြစ်ပြီး ယင်းအိမ်ဝိုင်းမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိပိုင်ရှင်ဖြစ်သူ ဦးသန်းထိုက်အောင် ၉/မထလ(နိုင်)၂၄၁၃၃၉ ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးအောင်လင်း ၉/ပမန(နိုင်)၀၁၂၀၆၈ သည် ဥပဒေနှင့်အညီ ဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ထိုအိမ်ဝိုင်းမြေကွက် အရောင်းအဝယ်ပြုလုပ်ခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီများစသည့် အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသူမြင့် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၆၉/ ၂၀၁၆)**
**၁၄/၆၂၈၊ (၄)လမ်း၊ ပေါင်းလောင်း(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၄၃၁၀၉၀၆၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးတိုးဝေထွန်း ၁၂/ဒဂတ(နိုင်)၀၅၆၉၁၀၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်အမှတ်မိ) နှင့် သင်္ဘောသားစီဒီစီစာအုပ် (နံပါတ်မမှတ်မိ)တို့သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၁၄၇၅၀၇၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မှတ်ပုံတင်အမှတ် ၁၂/စခန(နိုင်)၀၅၂၆၅၆ ကိုင်ဆောင်ထားသူ ဦးအောင်နိုင်(ခ) မိုးအောင်နိုင် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄)၊ စကားဝါလမ်း၊ မြေကွက်အမှတ်(၁၂၃/ခ)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ဦးလှမောင် (O/ RGN-၀၀၄၉၈၅)အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စောယဉ် (၁၁/ ရသတ(နိုင်)၀၁၇၈၀၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဒေါ်လွင်မာအေး (၁၂/ဥကတ (နိုင်) ၁၅၂၃၃၅)နှင့် ဒေါ်ချိုချိုသိမ့် (၇/ ရကန (နိုင်) ၀၄၆၈၁၀)တို့က ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |
| **Hein Htet San Law Firm** | **၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆** |

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတင်အောင်စိုး**

**ကျောင်းအုပ်ကြီး(ငြိမ်း)၊ နိုင်ငံခြားဘာသာသိပ္ပံ**

**အသက် (၉၃)နှစ်**

မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီအမှုဆောင်အဖွဲ့ဝင် ဒေါက်တာမေစိုးဦး၏ ဖခင် ဦးတင်အောင်စိုး အသက် (၉၃)နှစ်သည် ၂၂-၄-၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ**
**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ**

## ဦးထိန်ဝင်း(ခ)ဗိုလ်ထိန်(ညောင်ပင်လေးဈေး)

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၄၇၅/ခ)နေ ဦးပန်ဒီ-ဒေါ်ဆိုင်(ထနီ)တို့၏ သားထွေး၊ (ဒေါ်ခင်အုန်းမြင့်)၏ ချစ်လှစွာသောခင်ပွန်း၊ မခိုင်နွယ်ဦး၊ မလင်းလင်းလတ်၊ မောင်ဝင်းမင်းထွေး-မသင်ဇာမိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်အောင်ခန့်နိုင်(ခ)ဖိုးပြည့်၏အဘိုးသည် ၂၆-၄-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၂၃ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၈:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၂၃ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(တ)၊ အောင်ရတနာလမ်း၊ မြေကွက်အမှတ်-၃၀၆/ခ ဟု ခေါ်တွင်သော အကျယ်အဝန်းရေိယာ ပေ (၂၀x၆၀)ရှိ ဦးကျင်သန်း ၁၂/ပဗတ(နိုင်)၀၀၉၈၃၉ အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်စောမြင့် ၁၂/ပဗတ(နိုင်)၀၀၉၅၉၃ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမျိုးမြင့်အောင်** | **ဦးအေးမင်းသူ** | **ဒေါ်လင်းလင်းကြည်** |
| **စဥ်-၂၅၁၆၅** | **စဥ်-၂၆၁၉၉** | **စဥ်-၄၆၃၂၈** |

**အထက်တန်းရှေ့နေများ**
**အမှတ်-၅၈/၆၀(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မဟော်သဓာ(၃)လမ်း၊ မြေကွက်အမှတ်(၁၆၃/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း ရေိယာ ၂၀ ပေ x ၆၀ပေရှိ ဒေါ်အုံး (CG-၀၈၁၇၁၆)အမည်ပေါက် ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးသိန်းထိုက် (၁၂/လသယ(နိုင်)၀၀၀၂၉၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမျိုးမြင့်အောင်** | **ဦးအေးမင်းသူ** | **ဒေါ်လင်းလင်းကြည်** |
| **(စဥ်-၂၅၁၆၅)** | **(စဥ်-၂၆၁၉၉)** | **(စဥ်-၄၆၃၂၈)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်မှတ်(၃၁၀၂)၊ ရေိယာ(၀ဒသမ၁၁၀)ကေရှိ ဦးတင်အောင်မျိုး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၈၅/၂၀၁၉)ဖြင့်လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်ဝင်း ၇/ရတရ(နိုင်) ၀၇၁၂၉၃မှ နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်မဥ္ဇူလှိုင် ၃/ဘအန(နိုင်) ၁၆၅၆၅၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဦးတင်ဝင်း

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊**

**ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းရုံး**

**အသက်(၈၅)နှစ်**

ရောဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းကျေးရွာနေ (ဦးစောဟန်-ဒေါ်တင်မေ)တို့၏သား၊ ထားဝယ်မြို့၊ ကရပ်ပြင်ရပ်၊ အာဇာနည်လမ်းနေ (ဦးဘဖြူ-ဒေါ်နုခင်)တို့၏သားသမက်၊ (ဦးခင်ဦး)(ဩစတေးရီးယားနိုင်ငံ၊ ဆစ်ဒနီမြို့)တို့၏ညီ၊ ဒေါ်နီနီဝင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ ငွေစာရင်းဌာနခွဲ)၊ ဒေါ်ငွေငွေဝင်း၊ ဦးကိုကိုဝင်း(လက်ထောက်အထွေထွေမန်နေဂျာ-M.O.B)-ဒေါ်သီတာမြင့်(မန်နေဂျာ၊ ရုံးချုပ်ဘဏ်ခွဲ၊ M.O.B)၊ ဦးထိန်လင်း-ဒေါ်မူမူဝင်း၊ ဦးသူရဝင်း-ဒေါ်နှင်းဖြူဖြူကျော်(M.O.B)တို့၏ကျေးဇူးရှင်မွေးသဖခင်၊ (ဒေါ်တင်လှ) ၏ ချစ်လှစွာသောခင်ပွန်း၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၅-၄-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၇:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ကောက်လျှင်လမ်းသွယ်(၁)၊ တိုက်(၁၅၄)၊ အခန်း(၂)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၂၀-ကုန်းရပ်ရေမိန်)၊ ဦးပိုင်အမှတ် (၁-ခ၊ ၂-က၊ ၅-ဈ)၊ ရေိယာ ၀.၀၅၂ကေရှိမြေအား အမှုတွဲအမှတ် ၁၈၂ V ၄ား ၂၀၁၆-၂၀၁၇ အရ (၁၅-၃-၁၉၉၃)မှ ၁၄-၃-၂၀၂၃ထိ ဒေါက်တာစိုးမင်းအမည်ဖြင့် နှစ် ၃၀ မြေငှားဂရန်ရရှိထားသောမြေအား ဒေါက်တာစိုးမင်းအမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁/၄ နန္ဒဝန်)၊ ဦးပိုင်အမှတ် (သရဖီလမ်း-၃၁)၊ ရေိယာ ၀.၁၇၂ကေရှိမြေအား အမှုတွဲအမှတ် ၂၄၄ V ၂၀၁၈-၂၀၁၉ အရ (၁၉-၄-၁၉၉၃)မှ ၁၈-၄-၂၀၂၃ထိ ဒေါ်ယဉ်ယဉ်နု အမည်ဖြင့် နှစ် ၃၀ မြေငှားဂရန်ရရှိထားသောမြေအား ဒေါ်ယဉ်ယဉ်နု အမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/55235, New Zhineng-125, M/C ယာဉ်လက်ဝယ်ရှိသူ Yaung Ni Win Co.,Ltd.က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3K/8767, (Dong Feng) ယာဉ်လက်ဝယ်ရှိသူ ဦးတင်သန်း ၅/ကလထ(နိုင်) ၀၇၂၁၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် (၁၂၈၁/ က)၊ မြေအကျယ်အဝန်းပေ (၃၀x၅၆) ပေ၊ မြေရေိယာ ၀.၀၃၈၅ကေ၊ စတုရန်းပေ ၁၆၈၀ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်ယင်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးဖြိုးအောင်ဇင်ထံမှ အထူးကိုယ်စားလှယ်လွှဲစာစာချုပ်အမှတ် (၉၆၄၇/၂၀၁၄)ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးစောနိုင် (၉/ခအဇ(နိုင်)၀၀၀၅၇၆) သည် မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး (စဥ်-၃၄၇၈၂) (LL.B)**
**အထက်တန်းရှေ့နေ**
**အမှတ် (၁၁၂၈)၊ သရဖီ (၇)လမ်း၊ ၃၄-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၁၀၄၈**

## ခရစ်တော်၌အိပ်ပျော်ခြင်း

**ဦးထန်ခေါ်မုန်**

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ အမှတ်(၁၃)နေ (ဦးလမ်းဇမ်း-ဒေါ်ဇိုခေါ်ကျိန်)တို့၏သား၊ ဒေါ်ညင်ငိုက်မန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇမ်ခင်းခိုင်-ဒေါ်ကျိန်ဒိမ်းညောင်၊ ဦးရှန်းဆုန်-ဒေါ်ဂရေ့စ်ကျိန်ဟောက်လွန်၊ ဦးလျန်ရှန်းပေါင်၊ ဒေါ်ဟောက်ငိုက်လျန်-ဦးစွမ်းကျင်ခိုင်တို့၏ ချစ်လှစွာသောဖခင်၊ (ဦးတွန်ကပ်ထန်)-ဒေါ်ဒိမ့်ဒွန်ကျိန်၊ ဦးတွန်ခန့်ကျင်-ဒေါ်လန့်ဒွန်ကျိန်၊ (ဦးလန့်ဇကျင်-ဒေါ်ဖွန်ဆိုဖာ)တို့၏ညီ၊ (ဒေါ်နိန်ခေါ်လ်ကျိန်)- ဦးကျင့်ခေါ်မန်၊ ဒေါ်ဝုန်ငိုက်လျင်-ဦးပုမ်ဟင်းထန်၊ ဒေါ်ဇင့်ဇဒိမ်-ဦးဂင့်လျန်ပေါင်၊ (မောင်ကျင်းဆွမ်းထန်)၊ ဦးတွောင်ခန့်ခုပ်-ဒေါ်မန်ရှင်းဒိမ်၊ ဒေါ်ကျိန်ရှင်းဝုန်-ဦးကျင့်ရှင်းပေါင်တို့၏အစ်ကို၊ မကျိန်ဟောက်ဟွဲ၊ မောင်မုန်ခေါ်ထန်၊ မောင်ကျင်ရှင်းမွမ်၊ မမာန်ဇျက်ရှမ်၊ မောင်မုန်ရှင်းလျင်တို့၏အဘိုးသည် ၂၆-၄-၂၀၂၃ရက် နံနက် ၄:၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၄-၂၀၂၃ရက် နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

(ရေကျော်ရပ်ကွက်၊ ယုဇန ကနောင်ကွေ့ ၊ GBC ဘုရားကျောင်း၊ TBC-Y ဘုရား ကျောင်းနှင့် မော်ဘီ ၁၆ တို့မှ ကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

**ဟာဂျီအပ္ပဒူလ်စတ္တားရ်ဘိုင်(ခ)ဟာဂျီ ဦးကျော်ညွန့်**

**(ယခင်-မွန်းလိုက်ကားအမိုးကူရှင်)**

**(ယခင်အာရှတည်းခိုခန်း)**

**အသက် (၈၃)နှစ်**

တွံတေးမြို့နေ (ဦးအီစွတ်-ဒေါ်ခတီဇာ)တို့၏ တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၉၀၊ မြေညီထပ်နေ (ဒေါ်နန်စီဒွေး(ခ)ဒေါ်လှလှဒွေး)၏ ခင်ပွန်း၊ ဦးကျော်စိုး-ANNA SOE၊ ဦးကျော်မိုး-ဒေါ်ဝင်းမင်းသန်း၊ ဦးကျော်ကျော်မင်း-မအေမီတို့၏ဖခင်၊ ဒေါက်တာ ဖရက်ဒီမောင်မောင်-မငွေရတီ(ခေတ္တ ကွာလာလမ်ပူ၊ မလေးရှားနိုင်ငံ)၊ မရွှေဝတီ (ခေတ္တ အစ္စတန်ဘူမြို့၊ တူရကီနိုင်ငံ)၊ GEORGE MOE(ခ)မောင်လင်းထက်ဟိန်း၊ FIONA SOE(ခ)မမေယမုံစိုး (ခေတ္တ ဘာတမ်မြို့၊ အင်ဒိုနီးရှားနိုင်ငံ)တို့၏အဘိုး၊ မအရီကာမောင်မောင် (ခေတ္တ ကွာလာလမ်ပူမြို့၊ မလေးရှားနိုင်ငံ)၏ ဘိုးအေဖြစ်သူ ဟာဂျီဦးကျော်ညွန့်သည် ၂၃-၄-၂၀၂၃ရက် (တနင်္ဂနွေနေ့) ည ၈:၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ခံယူသွားပါသဖြင့် ၂၄-၄-၂၀၂၃ရက် (တနင်္လာနေ့) မွန်းလွဲဇိုဟိုရ်ဝတ်ပြုအပြီး ၂နာရီတွင် ရေဝေးကဘာရ်စတန်တွင် ဒဖနာပြီးစီးပါကြောင်း သိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## သွာနုတ္တရသားအဖြစ် ကြေညာ၍ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ ညောင်ပင်ကွင်းကျေးရွာအုပ်စု၊ ဦးဘိုအောင်ရာဘာခြံ၊ သဘော့လိပ်ကျေးရွာနေ (ဖခင်)ဦးဘိုအောင် (၆/မအရ (နိုင်) ၀၈၁၀၇၂)-(မိခင်)ဒေါ်သူဇာအုန်း (၆/မအရ(နိုင်) ၀၀၄၇၄၉) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အကြီးဆုံးသားဖြစ်သူ ဦးသီဟအောင် (၁၂/မဂတ(နိုင်)၀၈၉၀၆၄)သည် မိဘများအပေါ်သားသမီးဝတ္တရားကျေပွန်အောင် ထမ်းဆောင်နိုင်ခြင်းမရှိသည့်အပြင် မိဘစကားနားမထောင်ဘဲ မိဘအပေါ်ယုတ်ရင်းကြမ်းတမ်းစွာပြောဆိုခြင်း၊ မိဘများအားစိတ်ဆင်းရဲ၊ စိတ်ဒုက္ခရောက်စေရန် အကြိမ်ကြိမ်ပြုလုပ်ဆောင်ရွက်ခြင်း စသည်တို့ကို ပြုလုပ်ဆောင်ရွက်လျက်ရှိနေသည့်အတွက် ဦးသီဟအောင်အား မိဘများမှ သားအဖြစ် အမွေပြတ်စွန့်လွှတ်ပြီး သွာနုတ္တရသားအဖြစ် ကြေညာအပ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ငွေကြေးပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးငြိမ်းချမ်းထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၇၄၆)**
**တိုက်(၄၆)၊ အခန်း(C-3)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၆၀၀၂၉၂၇၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ယမင်းဇော် ၅/ကနန(နိုင်) ၁၁၃၆၃၀၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၁၂၃၂၄၅

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခိုင်ထွန်း(ဘ) ဦးသောင်းလှိုင် ၁၂/အစန(နိုင်) ၀၅၀၉၇၃၏ Passport No (မမှတ်မိ) Passport စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၂၅၀၇၄၇၃၂၇

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ဂန္ဓမာအောက်လမ်း၊ အမှတ်(၁၅၀/က)၊ (၁)ခန်းတည်း RC(၅)ထပ် အဆောက်အအုံ၏ ပထမထပ်(၂လွှာ)အခန်း၊ ရေိယာ(၉၃၆)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသူဖြစ်သော ဒေါ်အင်ကြင်းဝေ (၁၂/သကတ(နိုင်) ၂၅၃၇၂)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးမင်းခန့်မောင်မောင် (၁၂/ဥကမ(နိုင်) ၂၃၀၉၀၉)က အပြီးအ ပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမင်းခန့်မောင်မောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော်**
**LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၅၂၆)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၅၆၀၂၉၀**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဘိုလှိုင် ၈/မကန(နိုင်) ၂၀၃၅၇၄၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၇၆၂၀၅၁

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်3F/7899 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9P/4647, Suzuki Ertiga, Station Wagon ယာဉ်လက်ဝယ်ရှိသူ Glamdust Limitedက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

**ပတ်စ်ပို့ ပျောက်**

ကျွန်မ မလှလှဝင်း ၈/မလန(နိုင်) ၀၉၀၈၅၀ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ က အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၃၀၁၄၈၈၃

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

❖ မိမိတို့အနေဖြင့် မည်သည့် စိန်ခေါ်မှုပင်ရှိပါစေ၊ ပြည်တွင်းအားသည် ပြည်တွင်း၌သာ ရှိသည် ဟူသည့် ခံယူချက်ဖြင့် မိမိတို့၏ အမျိုးသားရေး မူဝါဒ နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ဦးတည် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ပြုလုပ်သော ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေး (၂/၂၀၂၂) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဖူလ်ဟမ်ကိုနိုင်ပြီး ဥရောပဝင်ခွင့်တစ်နေရာရရှိရေး မျှော်လင့်ချက်အားကောင်းလာသည့် ဗီလာ

ဧပြီ ၂၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် (၃၃) မှ အက်စ်တွန်ဗီလာနှင့် ဖူလ်ဟမ်အသင်းတို့ ပွဲစဉ်တွင် အက်စ်တွန်ဗီလာအသင်းက ပွဲချိန် ၂၁ မိနစ်တွင် ရရှိခဲ့သော မင့်စ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိကာ ဥရောပဝင်ခွင့် တစ်နေရာရရှိရေး မျှော်လင့်ချက် အားကောင်းလာခဲ့ပြီဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ဗီလာ အိမ်ကွင်း ဗီလာပတ်ခ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲကြည့်ပရိသတ်

စာမျက်နှာ ၁၈ ကော်လံ ၅ ❍



## ယနေ့ သ တင်း အ ညွှန်း


လူရည်ချွန်တွေက စံပြဖြစ်တဲ့အတွက် ကျောင်းသားကျောင်းသူတွေ အားကျအတုယူပြီး အနာဂတ်နိုင်ငံ့သားကောင်းတွေ ပေါ်ထွန်းလာစေဖို့ဖြစ် — တွေ့ဆုံမေးမြန်း — စာ ၁၁

နိုင်ငံတော်၏ ဂုဏ်ဒြပ်နှင့် အမျိုးသားရေးတာဝန်အား ဦးထိပ်ပန်ဆင် ပြိုင်ပွဲဝင်ကြမည့် အားကစားမောင်မယ်များအားလုံး ကြိုးပမ်းစွမ်းဆောင် အောင်မြင်ကြပါစေ — ဆောင်းပါး — စာ ၁၂

မူပိုင်ခွင့်နှင့် အမျိုးသမီးများ၊ ဆန်းသစ်တီထွင် တို့မြှင့်တင် — ဆောင်းပါး — စာ ၁၆


## အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လှေလှော်အားကစားအဖွဲ့ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဧပြီ ၂၆

မေ ၅ ရက်မှ ၁၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လှေလှော်အားကစားအဖွဲ့သည် ပြိုင်ပွဲတွင် အောင်မြင်မှု ရရှိစေရန်အတွက် ပြိုင်ပွဲမတိုင်မီ ကမ္ဘောဒီးယားနိုင်ငံလက်ရွေးစင်အသင်းနှင့် ပူးတွဲလေ့ကျင့်မှုပြုလုပ်နိုင်ရန် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ထွက်ခွာသွားပြီဖြစ်သည်။ အဆိုပါအဖွဲ့အား အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာ

စာမျက်နှာ ၁၈ ကော်လံ ၄ ❖

